# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# ဒုတိယနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၆ | ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီသက်တမ်း တိုးမြှင့်ခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း | ၃ |
| ၇ | ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာ တင်ပြခြင်း | ၄ |
| ၈ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း | ၃၆ |
| ၉ | (က) အခြေခံပညာအထက်တန်းတွင် ဝိဇ္ဇာ (သမိုင်း၊ ပထဝီ) ဘာသာရပ်များ သင်ယူသူကျောင်းသား၊ ကျောင်းသူအရေအတွက် နည်းပါးလာခြင်းကြောင့် ပညာရေးဟန်ချက်မညီ ဖြစ်နေခြင်းအပေါ် မည်သို့ဆောင်ရွက်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း | ၃၆ |
| ၁၀ | (ခ) အင်းတော်မြို့နယ်၊ မော်တိတ်ကျေးရွာအုပ်စု၊ မော်တိတ် အ.ထ.က(ခွဲ) အား အ.ထ.က အဖြစ် အဆင့်တိုးမြှင့်ရန်နှင့် လိုအပ်လျက်ရှိသော ကျောင်းဆောင်များအား ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၄၁ |
| ၁၁ | (ဂ) ဖောင်းပြင်မြို့နယ်ရှိ ရောင်းဟီး အ.လ.က(ခွဲ) အား အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် လည်းကောင်း၊ မိုင်းချောင်း အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) နှင့် ဟဲလှော် အခြေခံပညာ အထက်တန်းကျောင်း အဖြစ်လည်းကောင်း ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း | ၄၆ |

| | | |
|---|---|---|
| ၁၂ | (ဃ) ကျောက်ကြီးမြို့၊ ပဲခူးရပ် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၊ ဘုရင့်နောင် တစ်ထပ်ကျောင်းဆောင်အား ဖျက်သိမ်းခွင့်ပြုပြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပေ (၃၀ x ၉၀) နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၄၉ |
| ၁၃ | (င) မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မူလွန်ကျောင်းများ၊ အ.လ.က(ခွဲ) များ၊ အ.ထ.က(ခွဲ) များ၌ ကျောင်းဆရာ၊ ဆရာမ ဝန်ထမ်းများ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၌ အလုံအလောက် ခန့်ထားပေးရန် စီစဉ်ထားခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၅၄ |
| ၁၄ | (စ) ယင်းမာပင်မြို့နယ်၊ ညောင်တန်းကျေးရွာ အခြေခံပညာမူလတန်း ကျောင်းတွင် (၁၂၀ ပေ x ၃၀ ပေ x ၁၅ ပေ) တစ်ထပ်အုတ်ညှပ် ကျောင်းဆောင် ဆောက်လုပ်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၅၉ |
| ၁၅ | ဒေါက်တာအောင်ခင်၊ ပြင်ဦးလွင်မဲဆန္ဒနယ်က အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း | ၆၃ |
| ၁၆ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော ဥပဒေကြမ်းတစ်ခုနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်း | ၇၀ |
| ၁၇ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေးတတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း | ၇၇ |

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

## ဒုတိယနေ့ အစီအစဉ်

## [ ၁၉–၅–၂၀၁၇ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ သက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၆။ ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာ တင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၈။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးရွှေလှ(ခ) ဦးရွှေလှဝင်း၊ သဃ်န်းကျွန်း မဲဆန္ဒနယ်၏ **အခြေခံပညာ အထက်တန်းတွင် ဝိဇ္ဇာ(သမိုင်း၊ ပထဝီ) ဘာသာရပ်များ သင်ယူသူ ကျောင်းသား/ကျောင်းသူအရေအတွက် နည်းပါးလာခြင်းကြောင့် ပညာရေး ဟန်ချက်မညီ ဖြစ်နေခြင်းအပေါ် မည်သို့ဆောင်ရွက်မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဒေါ်ပြုံး၊ အင်းတော် မဲဆန္ဒနယ်၏ **အင်းတော်မြို့နယ်၊ မော်တိတ်ကျေးရွာအုပ်စု၊ မော်တိတ် အ.ထ.က(ခွဲ)အား အ.ထ.က အဖြစ် အဆင့်တိုးမြှင့်ရန်နှင့် လိုအပ်လျက်ရှိသော ကျောင်းဆောင်များအား ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးထွန်းဝေ၊ ဖောင်းပြင် မဲဆန္ဒနယ်၏ **ဖောင်းပြင်မြို့နယ်ရှိ ရောင်ဟီး အ.လ.က(ခွဲ)အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် လည်းကောင်း၊ မိုင်းချောင်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ) နှင့် ဟဲလေ့ဘ်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှစ်ခုအား အခြေခံပညာအထက်တန်းကျောင်းအဖြစ်လည်းကောင်း ၂၀၁၇–၂၀၁၈ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ၊မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမြင့်ငွေ၊ ကျောက်ကြီး မဲဆန္ဒနယ်၏ **ကျောက်ကြီးမြို့၊ ပဲခူးရပ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ဘုရင့်နောင် တစ်ထပ် ကျောင်းဆောင်အား ဖျက်သိမ်းခွင့်ပြုပြီး ၂၀၁၇–၂၀၁၈ ပညာသင်နှစ်တွင် ပေ (၃၀ x ၉၀) နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် မူလွန်ကျောင်းများ၊ အ.လ.က(ခွဲ)များ၊ အ.ထ.က(ခွဲ)များ၌ ကျောင်းဆရာ၊ ဆရာမ ဝန်ထမ်းများ ၂၀၁၇–၂၀၁၈ ပညာသင်နှစ်၌ အလုံအလောက်ခန့်ထားပေးရန် စီစဉ်ထားခြင်းရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးအောင်စိုး၊ ယင်းမာပင် မဲဆန္ဒနယ်၏ **ယင်းမာပင်မြို့နယ်၊ ညောင်တန်း ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် (၁၂၀ ပေ x ၃၀ ပေx ၁၅ ပေ) တစ်ထပ်အုတ်ညှပ်ကျောင်းဆောင် ဆောက်လုပ်ခွင့်ပြုရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၉။ ဒေါက်တာဦးအောင်ခင်၊ ပြင်ဦးလွင် မဲဆန္ဒနယ်က **"တောတောင်ထူထပ်သော ဒေသများ၌ သစ်တော ပြုန်းတီးမှုများခြင်းကြောင့် ၂၀၁၅၊ ၂၀၁၆ ခုနှစ်များတွင် မြန်မာနိုင်ငံမှာ အပြင်းထန်ဆုံးသော ရာသီဥတုနှင့် ရင်ဆိုင်ခဲ့ကြရ၍ နိုင်ငံတကာ ရာသီဥတု ဘေးအန္တရာယ်အညွှန်းကိန်းတွင် နိုင်ငံပေါင်း (၁၈၇) နိုင်ငံအနက် မြန်မာနိုင်ငံသည် အဆင့်(၂)တွင်ရှိပြီး နိုင်ငံနှင့်အဝန်း သစ်တောစောင့်ရှောက်မှုနှုန်း တိုးမြှင့်ဆောင်ရွက်လျက် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်မြို့များတွင် (Green Land) စီမံကိန်းများ အမြန်ဆုံး စနစ်တကျ အကောင်အထည်ဖော် ဆောင်ပါရန်နှင့် အခြားဒေသများတွင်လည်း နှစ်အလိုက် စီမံကိန်းများ တိုးချဲ့ ဆောင်ရွက် ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၁၀။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၁။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော **"မြန်မာ့ ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက် အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၁၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်း နှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
# ဒုတိယနေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်
## (၂၀၁၇ ခုနှစ်၊ မေလ ၁၉ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ**။ ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ**။ ။ မင်္ဂလာပါ။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၄၁၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၄.၄၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ မေလ ၁၉ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွား မှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၁၁ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၅ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ များကတော့-

(၁) လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင် ခွင့် ၁ ရက်၊

(၂) ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် ခွင့် ၁ ရက်၊

(၃) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၁ ရက်၊

(၄) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၁ ရက်နှင့်

(၅) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၁၉ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၅ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၂၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၉ ဦး၊ ယနေ့ခွင့်ပြုထားသူ ၅ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၂၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ သက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်တွင် ၁၉-၅-၂၀၁၆ ရက်နေ့က ဖွဲ့စည်းခဲ့တဲ့ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီရဲ့သက်တမ်းကို တစ်နှစ်ပြည့်မြောက်သောနေ့ရဲ့ နောက်တစ်ရက်ဖြစ်သော ၁၉-၅-၂၀၁၇ ရက်နေ့မှစ၍ နောက်ထပ်တစ်နှစ် တိုးမြှင့်သတ်မှတ်သွားမှာဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာပါတယ်။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို တင်ပြဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးဝေလှိုင်ထွန်း(ဥပဒေကြမ်းကော်မတီ)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာတဲ့ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပုသိမ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝေလှိုင်ထွန်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ အခု ကျွန်တော်တို့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေးအထိ ပထမတစ်နှစ် တာကာလအတွင်းမှာ ဆောင်ရွက်ခဲ့တဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာကို တင်ပြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၄၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ နှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကာလဖြစ်တဲ့ ၅-၂-၂၀၁၆ ရက်နေ့မှာ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးနှင့် ဖွဲ့စည်းခဲ့ပါတယ်။ ဥက္ကဋ္ဌကတော့ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်(နောင်ချိုမဲဆန္ဒနယ်)က ဥက္ကဋ္ဌလုပ်ပြီးတော့ အတွင်းရေးမှူးကတော့ ဦးစတီဖန်(ကျိုင်းတုံမဲဆန္ဒနယ်)နှင့် အဖွဲ့ဝင် ၁၅ ဦးနဲ့ ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကာလမှာပဲ ကော်မတီအဖွဲ့ဝင်ဖြစ်တဲ့ ဒေါ်ခင်ဒွေးကြွယ်က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်တဲ့အတွက် လစ်လပ်သွားတဲ့ လွှတ်တော်ကိုယ်စားလှယ်နေရာကို ၃-၅-၂၀၁၆ ရက်နေ့မှာ ပြည်သူ့လွှတ်တော်ရုံးရဲ့အမိန့်ကြော်ငြာစာအမှတ်(၅၈/၂၀၁၆) ဖြင့် ဒေါ်မာမာခိုင်(သထုံမဲဆန္ဒနယ်)ကို ကော်မတီအဖွဲ့ဝင်အဖြစ် အစားထိုးပြီးတော့ ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကာလမှာပဲ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်ဖြစ်တဲ့ အဖွဲ့ဝင် ဦးခင်မောင်ဝင်း(လမ်းမတော်မဲဆန္ဒနယ်)ကလည်း တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီမှာ ဥက္ကဋ္ဌတာဝန်အဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်တဲ့အတွက် ၎င်းအစားဦးနေမျိုးထွန်း(ထန်းတပင်မဲဆန္ဒနယ်)ကို ၁၈-၅-၂၀၁၆ ရက်နေ့မှာ ပြည်သူ့လွှတ်တော်ရုံးရဲ့ အမိန့်

ကြော်ငြာစာအမှတ် (၆၅/၂၀၁၆)ဖြင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးကာလမှာတော့ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်ဖြစ်တဲ့ ဦးဉာဏ်လင်း(ရွှေပြည်သာမဲဆန္ဒနယ်)အစား ဒေါက်တာဝေဖြိုးအောင် (သာကေတမဲဆန္ဒနယ်)နှင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးစတီဖန် (ကျိုင်းတုံမဲဆန္ဒနယ်)ကို အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အဖွဲ့ဝင် ဦးကျော်စိုးလင်း(ပြည်ကြီးတံခွန်မဲဆန္ဒနယ်)ကို အတွင်းရေးမှူးအဖြစ်လည်းကောင်း ၂၈-၁၁-၂၀၁၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁၁၈/၂၀၁၆)ဖြင့် ပြောင်းလဲတာဝန်ပေးအပ်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးကို ပြင်ဆင်ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို ဆက်လက်ပြီး ထမ်းဆောင်လျက်ရှိပါတယ်။

နောက်တစ်ခါ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို လေ့လာသူအဖြစ်တွဲဖက်တာဝန်ပေးအပ်ခြင်းနှင့်ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော်တပ်မတော်သားကိုယ်စားလှယ်နှစ်ဦးဖြစ်တဲ့ ဒုတိယဗိုလ်မှူးကြီးသန်းဦးလွင် (ကြည်း ၁၉၇၆၈)နှင့် ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း (ကြည်း ၂၅၂၅၇) တို့ကိုတော့ ပြည်သူ့လွှတ်တော်ရုံးရဲ့ ၁၆-၂-၂၀၁၇ နေ့စွဲပါစာအမိန့်အမှတ် (၁/၂၀၁၇)ဖြင့် လေ့လာသူများအဖြစ် တာဝန်ပေးအပ်ခဲ့ပါတယ်။

ကျွန်တော်တို့ ဒီဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြရတဲ့ရည်ရွယ်ချက်ကတော့ ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေးအထိ ပထမတစ်နှစ်တာကာလအတွင်း ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်ချက်များကို သိရှိနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ကော်မတီရဲ့တာဝန်ကတော့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဟာ အခြေခံရမည့်မူ ၁၂ နှင့် ဆောင်ရွက်တယ်ဆိုတဲ့ဟာကိုလည်း အခု ကျွန်တော်တို့ ဝေထားတဲ့အထဲမှာလည်း ထည့်ထားတဲ့အတွက် ဒီဟာကို တစ်ခုချင်း မကြေညာတော့ပါဘူးခင်ဗျား။ နောက်အစီရင်ခံတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ရဲ့ ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေးအထိကို ပထမတစ်နှစ်တာ အစည်းအဝေးကာလအတွင်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့လုပ်ငန်းဆောင်ရွက်ချက်များကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်။ ဘာလဲဆိုတော့ -

(က) ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးသည့်ဥပဒေကြမ်း၊

**မူကြမ်း**

(ခ) အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြည်သူ့လွှတ်တော်ကို ပေးပို့လာတဲ့ ဥပဒေကြမ်းများနှင့်

(ဂ) ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီမှာ ဥပဒေကြမ်းများနှင့် စပ်လျဉ်းပြီး ဆွေးနွေးတဲ့ ဆောင်ရွက်ချက်များဖြစ်ပါတယ်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေးအထိ ပထမတစ်နှစ်တာကာလ အစည်းအဝေးကာလအတွင်းမှာ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးတဲ့ ဥပဒေကြမ်း ၂၁ ခုကို နောက်ဆက်တွဲ(က)မှာ ဖော်ပြထားပြီးဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေးအထိ ပထမတစ်နှစ်တာ အစည်းအဝေးကာလအတွင်းမှာ အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြည်သူ့လွှတ်တော်ကို ဆွေးနွေးရန်ပေးပို့တဲ့ ဥပဒေကြမ်း ၁၉ ခုကိုတော့ နောက်ဆက်တွဲ(ခ)မှာ ဖော်ပြထားပြီးဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေးအထိ ပထမတစ်နှစ်တာအစည်းအဝေးကာလအတွင်း ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးသည့် ဥပဒေကြမ်း ၂၀ နှင့် နည်းဥပဒေ နှစ်ခုတို့ကိုတော့ လွှတ်တော်မှ အတည်ပြုဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဲဒီဥပဒေကြမ်းများကိုလည်း နောက်ဆက်တွဲ(ဂ)နှင့် တင်ပြထားပါတယ်။

ဒါ့အပြင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေးအထိ ပထမတစ်နှစ်တာအစည်းအဝေးကာလအတွင်း အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့သည့်ဥပဒေကြမ်းများအနက် လွှတ်တော်မှ ဆောင်ရွက်ပြီးစီးခဲ့တဲ့ ဥပဒေကြမ်း ၁၄ ခုကို နောက်ဆက်တွဲ(ဃ)မှာ တင်ပြထားပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေးအထိ ပထမတစ်နှစ်တာအစည်းအဝေးကာလအတွင်းမှာ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေပေါင်း ၂၆ ခုရှိပြီး နောက်ဆက်တွဲ(င)မှာ တင်ပြထားပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေးအထိ ပထမတစ်နှစ်တာအစည်းအဝေးကာလအတွင်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင်များဟာ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လုပ်ငန်းတာဝန်များကို ပူးတွဲဆောင်ရွက်ခဲ့ရပါတယ်။ ဆောင်ရွက်ခဲ့တဲ့ဥပဒေကြမ်းများကိုတော့ နောက်ဆက်တွဲ(စ)မှာ တင်ပြထားပါတယ်။

**မူကြမ်း**

နောက်တစ်ခါ ဥပဒေကြမ်းကော်မတီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ ပြည်ပနိုင်ငံကို လွှတ်တော်ကို သွားရောက်ရေးနှင့်ပတ်သက်ပြီး ကျွန်တော် တင်ပြပါ့မယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေးအထိ ပထမတစ်နှစ်တာအစည်းအဝေးကာလအတွင်းမှာ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင်အချို့က ပြည်ပနိုင်ငံလွှတ်တော်များကို သွားရောက်လေ့လာခြင်းရှိပါတယ်။ အဲဒါကိုတော့ နောက်ဆက်တွဲ(ဆ)မှာ တင်ပြထားပေးပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ပြည်ပနိုင်ငံများရဲ့ လွှတ်တော်ဆိုင်ရာအဖွဲ့အစည်းများမှပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကို လက်ခံတွေ့ဆုံပြီး ဥပဒေရေးရာနှင့် သက်ဆိုင်သည့်ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခြင်းများလည်း ဆောင်ရွက်ခဲ့ပါတယ်။

ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီရဲ့ သုံးသပ်ချက်ကို တင်ပြရမယ်ဆိုရင်တော့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေးအထိ ပထမတစ်နှစ်တာအစည်းအဝေးကာလအတွင်းမှာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့နှင့် ညှိနှိုင်းအစည်းအဝေးများကို ကျင်းပရာမှာ အချိန်လုံလောက်မှုရှိရန် လိုအပ်ပါတယ်။ ဒါ့အပြင် သက်ဆိုင်ရာဝန်ကြီးဌာနကို ညှိနှိုင်းဖို့ အစည်းအဝေးကိုဖိတ်ကြားတဲ့အခါမှာ တာဝန်ယူဖြေကြားနိုင်တဲ့ ပုဂ္ဂိုလ်ကိုဖိတ်ကြားပေမဲ့ ညွှန်ကြားရေးမှူးချုပ်အဆင့် အမြင့်ဆုံးပဲ လာရောက်ပြီးဖြေပါတယ်။ အဲဒါကြောင့်မို့လို့ မှန်ကန်တဲ့ဆုံးဖြတ်ချက်ကိုမချနိုင်ခဲ့သောကြောင့် ဥပဒေကြမ်းတွေကို ရက်ဆက်ပြီး ဆွေးနွေးရတယ်။ ဥပဒေကြမ်းတစ်ခုကို အတည်ပြုဖို့လည်း နှောင့်နှေးခဲ့ရတယ်။ လွှတ်တော်ကို ချိတ်ဆွဲဆောင်ရွက်မှုများမှာလည်း လွဲချော်မှုများ ရှိခဲ့ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ အစိုးရရဲ့ မူဝါဒနှင့်ကိုက်ညီတဲ့ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးစီးပွားဖြစ်ထွန်းစေမယ့် ဥပဒေများကို ခေတ်စနစ်နှင့် ဆီလျော်စေရေးအတွက် ပြဋ္ဌာန်းဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်းလည်း တင်ပြအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ဥပဒေပြုရေးလုပ်ငန်းများကို စိန်ခေါ်မှုအမျိုးမျိုးနှင့် ကြုံတွေ့နေရသော်လည်း တည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး ပါတီစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲများမထားဘဲ ကော်မတီဝင်များအားလုံးက စည်းလုံး

ညီညွတ်စွာဖြင့် တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှာလည်း ဘာသာရပ်အလိုက် ကျွမ်းကျင်ပညာရှင်များ၏ ကူညီပံ့ပိုးပေးမှုကြောင့် ဥပဒေပြုရေးလုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှာ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ ဝန်ထမ်းများကလည်း မိသားစုစိတ်ဓါတ်နှင့် ကော်မတီရဲ့ ဆောင်ရွက်ချက်များကို ပံ့ပိုးကူညီလျက်ရှိကြောင်းလည်း တွေ့ရပါတယ်။

ဒုတိယအကြိမ် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေးအထိ ပထမတစ်နှစ်တာ အစည်းအဝေးကာလ လွှတ်တော်သက်တမ်းအတွင်းမှာ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ နိုင်ငံတော်ရဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် မျှတသော ဥပဒေ၊ အကျိုးဖြစ်ထွန်းသောဥပဒေများကို လွှတ်တော်က ပြဋ္ဌာန်းနိုင်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီကိုယ်စား လေးစားစွာ တင်ပြအစီရင်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

[အစီရင်ခံစာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန် အစည်းအဝေးအထိ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ

### နိဒါန်း

၁။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၄၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄ နှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကာလဖြစ်သော ၅-၂-၂၀၁၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီကို အောက်ပါပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်-

(က) ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန် — ဥက္ကဋ္ဌ — နောင်ချို မဲဆန္ဒနယ်

**မူကြမ်း**

| | | | |
|---|---|---|---|
| (ခ) | ဦးဉာဏ်လင်း | အဖွဲ့ဝင် | ရွှေပြည်သာ မဲဆန္ဒနယ် |
| (ဂ) | ဒေါ်ခင်ဌေးကြွယ် | ,, | ချောင်းဆုံ မဲဆန္ဒနယ် |
| (ဃ) | ဦးကျော်စိုးလင်း | ,, | ပြည်ကြီးတံခွန်မဲဆန္ဒနယ် |
| (င) | ဦးဝေလှိုင်ထွန်း | ,, | ပုသိမ် မဲဆန္ဒနယ် |
| (စ) | ဦးပါထန်း | အဖွဲ့ဝင် | မတူပီ မဲဆန္ဒနယ် |
| (ဆ) | ဦးအောင်စိန် | ,, | ထားဝယ် မဲဆန္ဒနယ် |
| (ဇ) | ဦးစိုင်းဖိုးမြတ် | ,, | မူဆယ် မဲဆန္ဒနယ် |
| (ဈ) | ဦးဘရှိန် | ,, | ကျောက်ဖြူ မဲဆန္ဒနယ် |
| (ည) | ဦးမင်းသိန်း | ,, | တောင်တွင်းကြီးမဲဆန္ဒနယ် |
| (ဋ) | ဦးဌေးငွေ | ,, | မြောင် မဲဆန္ဒနယ် |
| (ဌ) | ဦးဇော်ဝင်း | ,, | ထန်းတပင် မဲဆန္ဒနယ် (ပဲခူးတိုင်းဒေသကြီး) |
| (ဍ) | ဦးခင်မောင်ဝင်း | ,, | လမ်းမတော် မဲဆန္ဒနယ် |
| (ဎ) | ဗိုလ်မှူးချုပ်မောင်မောင် | ,, | တပ်မတော်သားကိုယ်စားလှယ် |
| (ဏ) | ဦးစတီဖန် | အတွင်းရေးမှူး | ကျိုင်းတုံ မဲဆန္ဒနယ် |

**ကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း**

၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေးကာလတွင် ကော်မတီ အဖွဲ့ဝင် ဒေါ်ခင်ဌေးကြွယ်သည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်သဖြင့် လစ်လပ်သွားသည့် လွှတ်တော်ကိုယ်စားလှယ်နေရာသို့ ၃-၅-၂၀၁၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၅၈/၂၀၁၆)ဖြင့် ဒေါ်မာမာခိုင်(သထုံမဲဆန္ဒနယ်)ကို ကော်မတီအဖွဲ့ဝင်အဖြစ် အစားထိုး၍ ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

**မူကြမ်း**

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကာလတွင် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင်ဖြစ်သည့် အဖွဲ့ဝင် ဦးခင်မောင်ဝင်း(လမ်းမတော်မဲဆန္ဒနယ်)သည် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသဖြင့် ၎င်းအစား ဦးနေမျိုးထွန်း (ထန်းတပင်မဲဆန္ဒနယ်)ကို ၁၈-၅-၂၀၁၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာ အမှတ် (၆၅/၂၀၁၆) ဖြင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၄။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးကာလတွင် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးဉာဏ်လင်း(ရွှေပြည်သာမဲဆန္ဒနယ်)အစား ဒေါက်တာဦးဝေဖြိုးအောင် (သာကေတမဲဆန္ဒနယ်)နှင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးစတီဖန် (ကျိုင်းတုံမဲဆန္ဒနယ်) ကို အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အဖွဲ့ဝင် ဦးကျော်စိုးလင်း(ပြည်ကြီးတံခွန်မဲဆန္ဒနယ်)ကို အတွင်းရေးမှူးအဖြစ်လည်းကောင်း ၂၈-၁၁-၂၀၁၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁၁၈/၂၀၁၆)ဖြင့် ပြောင်းလဲတာဝန်ပေးအပ်လိုက်ပြီး ယခုအောက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅)ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ကော်မတီ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်-

| | | | |
|---|---|---|---|
| (က) | ဦးထွန်းအောင်(ခ)<br>ဦးထွန်းထွန်းဟိန် | ဥက္ကဋ္ဌ | နောင်ချို မဲဆန္ဒနယ် |
| (ခ) | ဒေါက်တာဝေဖြိုးအောင် | အဖွဲ့ဝင် | သာကေတမဲဆန္ဒနယ် |
| (ဂ) | ဒေါ်မာမာခိုင် | ။ | သထုံ မဲဆန္ဒနယ် |
| (ဃ) | ဦးစတီဖန် | ။ | ကျိုင်းတုံ မဲဆန္ဒနယ် |
| (င) | ဦးဝေလှိုင်ထွန်း | ။ | ပုသိမ် မဲဆန္ဒနယ် |
| (စ) | ဦးပါထန်း | ။ | မတူပီ မဲဆန္ဒနယ် |
| (ဆ) | ဦးအောင်စိန် | ။ | ထားဝယ် မဲဆန္ဒနယ် |
| (ဇ) | ဦးစိုင်းဖိုးမြတ် | ။ | မူဆယ် မဲဆန္ဒနယ် |

**မူကြမ်း**

| | | | |
|---|---|---|---|
| (ဈ) | ဦးဘရှိန် | ။ | ကျောက်ဖြူ မဲဆန္ဒနယ် |
| (ည) | ဦးမင်းသိန်း | ။ | တောင်တွင်းကြီးမဲဆန္ဒနယ် |
| (ဋ) | ဦးဒွေးငွေ | ။ | မြောင် မဲဆန္ဒနယ် |
| (ဌ) | ဦးဇော်ဝင်း | ။ | ထန်းတပင် မဲဆန္ဒနယ်<br>(ပဲခူးတိုင်းဒေသကြီး) |
| (ဍ) | ဦးနေမျိုးထွန်း | အဖွဲ့ဝင် | ထန်းတပင် မဲဆန္ဒနယ်<br>(ရန်ကုန်တိုင်းဒေသကြီး) |
| (ဎ) | ဗိုလ်မှူးချုပ်မောင်မောင် | ။ | တပ်မတော်သား<br>ကိုယ်စားလှယ် |
| (ဏ) | ဦးကျော်စိုးလင်း | အတွင်းရေးမှူး | ပြည်ကြီးတံခွန် မဲဆန္ဒနယ် |

**တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကို လေ့လာသူများအဖြစ် တွဲဖက်တာဝန်ပေးခြင်း**

၅။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီတွင် အောက်ဖော်ပြပါ ပြည်သူ့လွှတ်တော် တပ်မတော်သားကိုယ်စားလှယ် (၂)ဦးကို ပြည်သူ့လွှတ်တော်ရုံး၏ ၁၆-၂-၂၀၁၇ ရက်စွဲပါ အမိန့်အမှတ် ၁/၂၀၁၇ ဖြင့် လေ့လာသူများအဖြစ် တာဝန်ပေးခဲ့ပါသည်-

(က) ကြည်း ၁၉၇၆၈ ဒုတိယဗိုလ်မှူးကြီး သန်းဦးလွင် ၊

(ခ) ကြည်း ၂၅၂၅၇ ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်း ။

**ရည်ရွယ်ချက်**

၆။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေးအထိ ပထမတစ်နှစ်တာကာလအတွင်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို သိရှိနိုင်ရန် ရည်ရွယ်ပါသည်။

**မူကြမ်း**

**ကော်မတီ၏တာဝန်များ**

၇။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကိုအခြေခံ၍ စိစစ်ရမည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ/မရှိ၊

(ခ) နိုင်ငံတော်က ချမှတ်ထားသော မူဝါဒများ၊ ဦးတည်ချက်များနှင့် ညီညွတ်မှုရှိ/မရှိ၊

(ဂ) နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို အလေးထားပြီး ကာကွယ်စောင့်ရှောက်ရေးကို ညီညွတ်ခြင်း ရှိ/မရှိ၊

(ဃ) နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေးကို အန္တရာယ်ပြုထိပါးစေမည့် အချက်များ ပါဝင်ခြင်း ရှိ/မရှိ၊

(င) နိုင်ငံတော်၏ပကတိအခြေအနေများနှင့် လိုက်လျောညီထွေမှု ရှိ/မရှိ၊

(စ) အများပြည်သူ၏ လုံခြုံရေးနှင့်ပစ္စည်းလုံခြုံရေးကို ထိခိုက်ခြင်း ရှိ/မရှိ၊

(ဆ) တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေမည့် အရေးအသား၊ အသုံးအနှုန်းများ ပါဝင်ခြင်း ရှိ/မရှိ၊

(ဇ) ပြည်ထောင်စုဝန်ကြီးဌာန တစ်ခုနှင့်အစိုးရအဖွဲ့ အစည်းတစ်ခု၏ လုပ်ပိုင်ခွင့်များ၊ အစိုးရဌာနအဖွဲ့အစည်းတစ်ခုနှင့်တစ်ခု၏ လုပ်ပိုင်ခွင့်များရောထွေးခြင်း ရှိ/မရှိ၊

(ဈ) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် ဒေသအချင်းချင်းဆိုင်ရာစာချုပ်များ၊ သဘောတူညီချက်များပါ တာဝန်အရရေးဆွဲသော ဥပဒေကြမ်းဖြစ်လျှင် ထိုစာချုပ်များ၊ သဘောတူစာချုပ်များပါ မြန်မာနိုင်ငံက သဘောတူလက်ခံထားသော အချက်များနှင့် လိုက်လျောညီထွေခြင်း ရှိ/မရှိနှင့် နိုင်ငံတော်၏ အချုပ်အခြာ အာဏာကို ထိပါးခြင်း ရှိ/မရှိ၊

(ည) သက်ဆိုင်ရာ ဥပဒေကြမ်းနှင့် သက်ဆိုင်သော မူပိုင်းဆိုင်ရာအချက်အလက်များ ပြည့်စုံစွာ ပါဝင်ခြင်း ရှိ/မရှိ၊

(ဋ) ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင မည့် အခြေအနေရှိ/မရှိ၊

(ဌ) ဥပဒေကြမ်း၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်း ချက်များ ပြည့်စုံစွာပါရှိခြင်း ရှိ /မရှိ။

**အစီရင်ခံသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန် အစည်းအဝေးအထိ ပထမတစ်နှစ်တာအစည်းအဝေးကာလအတွင်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ**

၈။ အစီရင်ခံသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးသည့် ဥပဒေကြမ်းများ၊

(ခ) အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့လာ သည့် ဥပဒေကြမ်းများ၊

(ဂ) ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီတွင် ဥပဒေကြမ်းများနှင့် စပ်လျဉ်းသည့် ဆွေးနွေး ဆောင်ရွက်ချက်များ။

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေး အထိ ပထမတစ်နှစ်တာအစည်းအဝေးကာလအတွင်း ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေး ခဲ့သည့် ဥပဒေကြမ်း (၂၁)ခု ကို **နောက်ဆက်တွဲ(က)** ဖြင့် ဖော်ပြထားပါသည်။

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေး အထိ ပထမတစ်နှစ်တာ အစည်းအဝေးကာလအတွင်း အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြည်သူ့လွှတ်တော်သို့ ဆွေးနွေးရန် ပေးပို့လာသည့် ဥပဒေကြမ်း (၁၉)ခု နောက်ဆက်တွဲ(ခ)ဖြင့် တင်ပြအပ်ပါသည်။

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန် အစည်းအဝေး အထိ ပထမတစ်နှစ်တာအစည်းအဝေးကာလအတွင်း ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေး သည့်

**မူကြမ်း**

ဥပဒေကြမ်း (၂၀)ခု နှင့် နည်းဥပဒေ (၂)ခုတို့ကို လွှတ်တော်၌ အတည်ပြုဆောင်ရွက် နိုင်ခဲ့ပါသည်။ အဆိုပါ ဥပဒေကြမ်းများကို နောက်ဆက်တွဲ (ဂ) ဖြင့်တင်ပြအပ်ပါသည်။

၁၂။ ထို့အပြင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန် အစည်းအဝေးအထိ ပထမတစ်နှစ်တာအစည်းအဝေးကာလအတွင်း အမျိုးသားလွှတ်တော်၌ စတင် ဆွေးနွေးပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့သည့်ဥပဒေကြမ်းများအနက် လွှတ်တော်မှဆောင်ရွက်ပြီးစီး ခဲ့သည့် ဥပဒေကြမ်း (၁၄) ခုကို နောက်ဆက်တွဲ(ဃ)ဖြင့် တင်ပြအပ်ပါသည်။

၁၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေး အထိ ပထမတစ်နှစ်တာအစည်းအဝေးကာလအတွင်း ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့သည့် ဥပဒေပေါင်း (၂၆)ခုကို နောက်ဆက်တွဲ (င) ဖြင့် တင်ပြအပ်ပါသည်။

၁၄။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေး အထိ ပထမတစ်နှစ်တာ အစည်းအဝေးကာလအတွင်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် များသည် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လုပ်ငန်းတာဝန်များကို ပူးတွဲ ဆောင်ရွက်ခဲ့ကြပါသည်။ ဆောင်ရွက်ခဲ့သည့် ဥပဒေကြမ်းများကို နောက်ဆက်တွဲ(စ)ဖြင့် တင်ပြအပ်ပါ သည်။

**ပြည်ပနိုင်ငံ လွှတ်တော်များသို့ သွားရောက်လေ့လာခြင်း**

၁၅။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေး အထိ ပထမတစ်နှစ်တာ အစည်းအဝေးကာလအတွင်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် အချို့၏ ပြည်ပနိုင်ငံလွှတ်တော်များသို့ သွားရောက်လေ့လာခြင်းကို နောက်ဆက်တွဲ(ဆ)ဖြင့် တင်ပြအပ် ပါသည်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၏ တာဝန် ပေးအပ်ချက်အရ ပြည်ပနိုင်ငံများ၏ လွှတ်တော်ဆိုင်ရာ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ ကုလသမဂ္ဂနှင့် နိုင်ငံတကာလူမှုအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကို လက်ခံတွေ့ဆုံပြီး ဥပဒေရေး ရာနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခြင်းများကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

**သုံးသပ်ချက်**

**မူကြမ်း**

၁၆။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန် အစည်းအဝေး အထိ ပထမတစ်နှစ်တာအစည်းအဝေးကာလအတွင်း ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စု လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့နှင့် ညှိနှိုင်းအစည်းအဝေးများကျင်းပရာတွင် အချိန်လုံလောက်မှုရှိရန် လိုအပ်ပါသည်။ ထို့အပြင် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ညှိနှိုင်းအစည်းအဝေးများ ဖိတ်ကြားရာတွင် တာဝန်ယူဖြေကြားနိုင်သည့် ပုဂ္ဂိုလ်များကို ဖိတ်ကြားခဲ့သော်လည်း ညွှန်ကြားရေးမှူးချုပ်အဆင့် အမြင့်ဆုံးလာ၍ ဖြေကြားခဲ့သဖြင့် မှန်ကန်သည့်ဆုံးဖြတ်ချက်ကို မချနိုင်ခဲ့သောကြောင့် ဥပဒေကြမ်း များကို ရက်ဆက်ဆွေးနွေးမှုများပြုလုပ်ခဲ့ရသဖြင့် ဥပဒေကြမ်းတစ်ခုကို အတည်ပြုရန် နှောင့်နှေးခဲ့ခြင်း ဖြစ်သကဲ့သို့ လွှတ်တော်တွင်း ချိတ်တွဲဆောင်ရွက်မှုများ၌ လွဲချော်မှုများရှိခဲ့ပါသည်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အစိုးရ၏ မူဝါဒနှင့် ကိုက်ညီသည့်အပြင် နိုင်ငံတော်နှင့် နိုင်ငံသားများ အတွက် အကျိုးစီးပွားဖြစ်ထွန်းစေမည့် ဥပဒေများကို ခေတ်စနစ်နှင့် ဆီလျော်မှုရှိစေရေး ပြဋ္ဌာန်း ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း တင်ပြအပ်ပါသည်။

## နိဂုံး

၁၇။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဥပဒေပြုရေးလုပ်ငန်းများ၌ စိန်ခေါ်မှုအမျိုးမျိုး နှင့် ကြုံတွေ့နေရသော်လည်း တည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး ပါတီစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲများ မထားဘဲ ကော်မတီဝင်များအားလုံးက စည်းလုံးညီညွတ်စွာဖြင့် တာဝန်ထမ်းဆောင်နေကြသည့်အပြင် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ဘာသာရပ်အလိုက် ကျွမ်းကျင်ပညာရှင်များ၏ ကူညီပံ့ပိုး ပေးမှုများကြောင့် ဥပဒေပြုရေးလုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိ အောင်မြင်စွာဆောင်ရွက် နိုင်ခဲ့ပါသည်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများ သည်လည်း မိသားစုစိတ်ဓါတ်နှင့် ကော်မတီ၏ ဆောင်ရွက်ချက်များကို ပံ့ပိုးကူညီလျက်ရှိကြောင်း တွေ့မြင်ရပါသည်။

ဒုတိယအကြိမ် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန် အစည်းအဝေးအထိ ပထမတစ်နှစ်တာ အစည်းအဝေးကာလ လွှတ်တော်သက်တမ်းအတွင်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည်

နိုင်ငံတော်၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးတွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် မျှတသော ဥပဒေ၊ အကျိုးဖြစ်ထွန်းသောဥပဒေများကို လွှတ်တော်က ပြဋ္ဌာန်းနိုင်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

**ပြည်သူ့လွှတ်တော် ဥပဒေ၏ နောက်ဆက်တွဲ (က)**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေးအထိ ပထမတစ်နှစ်တာကာလအတွင်း ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးသည့် ဥပဒေကြမ်း (၂၁) ခု**

| စဉ် | ဥပဒေကြမ်းအမည် | တင်သွင်းသူ |
|---|---|---|
| ၁။ | နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း | ဥပဒေကြမ်းကော်မတီ |
| ၂။ | ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင် သည့် ဥပဒေကြမ်း | ပြည်ထောင်စုရွေး ကောက်ပွဲကော်မရှင် |
| ၃။ | အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင် သည့် ဥပဒေကြမ်း | ။ |
| ၄။ | တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း | ။ |
| ၅။ | အရေးပေါ်စီမံခန့်ခွဲမှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း | ဥပဒေကြမ်းကော်မတီ |
| ၆။ | အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ကော်မတီ |
| ၇။ | ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကြမ်း | လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာန |
| ၈။ | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း | စီးပွားရေးနှင့်ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ |

**မူကြမ်း**

| စဉ် | ဥပဒေကြမ်းအမည် | တင်သွင်းသူ |
|---|---|---|
| ၉။ | ရေနံ လက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်း | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |
| ၁၀။ | ဥပဒေဘာသာပြန် ကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၁၁။ | နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်း | ဥပဒေကြမ်းကော်မတီ |
| ၁၂။ | မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်း | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| ၁၃။ | ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ |
| ၁၄။ | နိုင်ငံခြားသားများဆိုင်ရာဥပဒေကြမ်း | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၁၅။ | တရားခံလွှဲပြောင်းပေးရေးဥပဒေကြမ်း | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၆။ | (၁၈၆၁) ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်း | ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်) |
| ၁၇။ | တာတမံဥပဒေကြမ်း | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| ၁၈။ | တူးမြောင်းဥပဒေကြမ်း | ။ |
| ၁၉။ | အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ ( The Caste Disabilities Removal Act ) ကို ပြင်ဆင်သည့် ဥပဒေကြမ်း | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |

**မူကြမ်း**

| စဉ် | ဥပဒေကြမ်းအမည် | တင်သွင်းသူ |
|---|---|---|
| ၂၀။ | ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး ဥပဒေကို ပြင်ဆင် သည့် ဥပဒေကြမ်း | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂၁။ | လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဥပဒေကြမ်း | အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန |

**နောက်ဆက်တွဲ(ခ)**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး မှ စတုတ္ထပုံမှန်အစည်းအဝေးအထိ ပထမတစ်နှစ်တာကာလအတွင်း အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြည်သူ့လွှတ်တော်သို့ ဆွေးနွေးရန် ပေးပို့လာသည့် ဥပဒေကြမ်း (၁၉) ခု**

| စဉ် | ဥပဒေကြမ်းအမည် | တင်သွင်းသူ |
|---|---|---|
| ၁။ | နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်း | မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၄) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် |
| ၂။ | ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း | စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်မင်း၊ ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ |

**မူကြမ်း**

| စဉ် | ဥပဒေကြမ်းအမည် | တင်သွင်းသူ |
|---|---|---|
| ၃။ | နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း | ရန်ကုန်တိုင်းဒေသကြီး<br>မဲဆန္ဒနယ် အမှတ်(၃)<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်ဒေါက်တာ<br>မြတ်ဉာဏစိုး၊<br>အတွင်းရေးမှူး၊<br>ဥပဒေကြမ်းကော်မတီ |
| ၄။ | ရေချိုငါးလုပ်ငန်းဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း | ဧရာဝတီတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၃)<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်ဦးဆန်းမြင့်၊<br>အဖွဲ့ဝင်၊<br>ဥပဒေကြမ်းကော်မတီ |
| ၅။ | ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်း | ရန်ကုန်တိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၃)<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်ဒေါက်တာ<br>မြတ်ဉာဏစိုး၊ (အတွင်းရေးမှူး၊<br>ဥပဒေကြမ်းကော်မတီ) |

**မူကြမ်း**

| စဉ် | ဥပဒေကြမ်းအမည် | တင်သွင်းသူ |
|---|---|---|
| ၆။ | ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း | ကရင်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၁၀) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမျိုးအောင်၊ အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ |
| ၇။ | မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း | အမျိုးသားလွှတ်တော် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ခင်မောင်အေး အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ |
| ၈။ | ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း | ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးမင်းဦး၊ ဥက္ကဋ္ဌ၊အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပအဖွဲ့ |
| ၉။ | မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်း | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၁၀။ | သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်း | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန |
| ၁၁။ | သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်း | ပညာရေးဝန်ကြီးဌာန |
| ၁၂။ | နိုင်ငံ့ဝန်ထမ်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ပြည်ထောင်စုရာထူးဝန်အဖွဲ့ |

**မူကြမ်း**

| စဉ် | ဥပဒေကြမ်းအမည် | တင်သွင်းသူ |
|---|---|---|
| ၁၃။ | ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးမင်းဦး (အတွင်းရေးမှူး၊ လွှတ်တော် အခွင့်အရေးကော်မတီ) |
| ၁၄။ | ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန |
| ၁၅။ | ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင် သည့် ဥပဒေကြမ်း | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် |
| ၁၆။ | ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ဥပဒေကြမ်း | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန |
| ၁၇။ | ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်း | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး |
| ၁၈။ | မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ။ |
| ၁၉။ | စာရင်းအင်း ဥပဒေကြမ်း | စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန |

**မူကြမ်း**

**နောက်ဆက်တွဲ(ဂ)**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး မှ စတုတ္ထပုံမှန် အစည်းအဝေးအထိ ပထမတစ်နှစ်တာကာလအတွင်း ပြည်သူ့လွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်သည့် ဥပဒေကြမ်း (၂၀) ခုနှင့် နည်းဥပဒေ (၂) ခု**

| စဉ် | ဥပဒေကြမ်းအမည် | တင်သွင်းသူ |
|---|---|---|
| ၁။ | နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း | ဥပဒေကြမ်းကော်မတီ |
| ၂။ | ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း | ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် |
| ၃။ | အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း | ။ |
| ၄။ | တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း | ။ |

**မူကြမ်း**

| စဉ် | ဥပဒေကြမ်းအမည် | တင်သွင်းသူ |
|---|---|---|
| ၅။ | ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီး အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း | စီးပွားရေးနှင့်ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ |
| ၆။ | လျှပ်စစ်နည်းဥပဒေများ | လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာန |
| ၇။ | ဓာတုပစ္စည်း နှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ် ရေး နည်းဥပဒေများ | စက်မှုဝန်ကြီးဌာန |
| ၈။ | အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း | ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ကော်မတီ |
| ၉။ | အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း | ဥပဒေကြမ်းကော်မတီ |
| ၁၀။ | ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၁၁။ | နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်း | ဥပဒေကြမ်းကော်မတီ |
| ၁၂။ | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်း | စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန |
| ၁၃။ | ရေနံ လက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်း | လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာန |
| ၁၄။ | ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ကြမ်း (အမသပို့) | တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ |
| ၁၅။ | ဥပဒေဘာသာပြန် ကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၁၆။ | ရေနံနှင့်ရေနံထွက် ပစ္စည်းဆိုင်ရာဥပဒေကြမ်း | လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန |

**မူကြမ်း**

| စဉ် | ဥပဒေကြမ်းအမည် | တင်သွင်းသူ |
| --- | --- | --- |
| ၁၇။ | နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်း | ဥပဒေကြမ်းကော်မတီ |
| ၁၈။ | တရားခံလွှဲပြောင်းပေးရေးဥပဒေကြမ်း | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၉။ | နိုင်ငံခြားသားများဆိုင်ရာ ဥပဒေကြမ်း | အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန |
| ၂၀။ | ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ပို့ဆောင်ရေးနှင့်ဆက်သွယ် ရေးဝန်ကြီးဌာန |
| ၂၁။ | (၁၈၆၁)ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေကြမ်း | ဒေါ်ခင်စောဝေ (ရသေ့တောင်မဲဆန္ဒနယ်) |
| ၂၂။ | ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (ပထစပို့) | တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီ |

**နောက်ဆက်တွဲ(ဃ)**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး မှ စတုတ္ထပုံမှန် အစည်းအဝေးအထိ ပထမတစ်နှစ်တာကာလအတွင်း အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့၍ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့သည့် ဥပဒေကြမ်း (၁၄) ခု**

| စဉ် | ဥပဒေကြမ်းအမည် | တင်သွင်းသူ |
|---|---|---|
| ၁။ | နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်း | မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် |

**မူကြမ်း**

| စဉ် | ဥပဒေကြမ်းအမည် | တင်သွင်းသူ |
|---|---|---|
| ၂။ | ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း | စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်မင်း၊ ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ |
| ၃။ | နိုင်ငံတော်ကောင်စီဥပဒေကိုရုပ်သိမ်းသည့်ဥပဒေကြမ်း | ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး၊ အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ |
| ၄။ | ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေကိုရုပ်သိမ်းသည့် ဥပဒေကြမ်း | ဒေါက်တာမျိုးအောင်၊ အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ |
| ၅။ | မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း | အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ခင်မောင်အေး အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ |

**မူကြမ်း**

| စဉ် | ဥပဒေကြမ်းအမည် | တင်သွင်းသူ |
|---|---|---|
| ၆။ | ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်း | ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး၊ (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ) |
| ၇။ | ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း | ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမင်းဦး၊ (ဥက္ကဋ္ဌ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့ |
| ၈။ | နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း | ပြည်ထောင်စုရာထူးဝန်အဖွဲ့ |
| ၉။ | မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကြမ်း | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၁၀။ | သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကြမ်း | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့်ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန |

| စဉ် | ဥပဒေကြမ်းအမည် | တင်သွင်းသူ |
| --- | --- | --- |
| ၁၁။ | ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံစာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမင်းဦး (အတွင်းရေးမှူး၊လွှတ်တော် အခွင့်အရေးကော်မတီ) |
| ၁၂။ | ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၁၃။ | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း | ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် |
| ၁၄။ | ကုန်းလမ်း ပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်း | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |

**နောက်ဆက်တွဲ(င)**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး မှ စတုတ္ထပုံမှန် အစည်းအဝေးအထိ ပထမတစ်နှစ်တာကာလအတွင်း ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည့် ဥပဒေများ (၂၆) ခု**

**မူကြမ်း**

| စဉ် | အမည် | ထုတ်ပြန်သည့် ရက်စွဲ | သက်ဆိုင်သည့်ဝန်ကြီးဌာန |
|---|---|---|---|
| ၁။ | နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေ (၂၆/၂၀၁၆) | ၆-၄-၂၀၁၆ | နိုင်ငံတော်အတိုင်ပင်ခံရုံး |
| ၂။ | နိုင်ငံတော်အား နှောင့်ယှက် ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ် စောင့်ရှောက်သည့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ (၂၇/၂၀၁၆) | ၂၆-၅-၂၀၁၆ | ပြည်ထဲရေးဝန်ကြီးဌာန |
| ၃။ | နိုင်ငံတော် ကောင်စီဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ (၂၈/၂၀၁၆) | ၃၁-၅-၂၀၁၆ | သမ္မတရုံးဝန်ကြီးဌာန |
| ၄။ | ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ (၂၉/၂၀၁၆) | ၃၁-၅-၂၀၁၆ | သမ္မတရုံးဝန်ကြီးဌာန |
| ၅။ | ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေ(၃၀/၂၀၁၆) | ၈-၆-၂၀၁၆ | ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် |
| ၆။ | အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေ (၃၁/ ၂၀၁၆) | ၈-၆-၂၀၁၆ | ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် |
| ၇။ | တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေ(၃၂/၂၀၁၆) | ၈-၆-၂၀၁၆ | ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် |

**မူကြမ်း**

| စဉ် | အမည် | ထုတ်ပြန်သည့် ရက်စွဲ | သက်ဆိုင်သည့်ဝန်ကြီးဌာန |
|---|---|---|---|
| ၈။ | အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ (၃၃/၂၀၁၆) | ၂၉-၇-၂၀၁၆ | အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် |
| ၉။ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ (၃၄/၂၀၁၆) | ၂၉-၇-၂၀၁၆ | နယ်စပ်ရေးရာဝန်ကြီးဌာန |
| ၁၀။ | မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ (၃၅/၂၀၁၆) | ၂၉-၇-၂၀၁၆ | နယ်စပ်ရေးရာဝန်ကြီးဌာန |
| ၁၁။ | ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၃၆/၂၀၁၆) | ၃၁-၈-၂၀၁၆ | စီမံ/ဘဏ္ဍာရေးဝန်ကြီးဌာန |
| ၁၂။ | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၃၇/၂၀၁၆) | ၃၁-၈-၂၀၁၆ | စီမံ/ဘဏ္ဍာရေးဝန်ကြီးဌာန |
| ၁၃။ | ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေ (၃၈/၂၀၁၆) | ၄-၁၀-၂၀၁၆ | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၄။ | အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ (၃၉/၂၀၁၆) | ၄-၁၀-၂၀၁၆ | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၅။ | မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်း (၄၀/၂၀၁၆) | ၁၈-၁၀-၂၀၁၆ | စီမံ/ဘဏ္ဍာရေးဝန်ကြီးဌာန |

**မူကြမ်း**

| စဉ် | အမည် | ထုတ်ပြန်သည့် ရက်စွဲ | သက်ဆိုင်သည့်ဝန်ကြီးဌာန |
|---|---|---|---|
| ၁၆။ | ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ (၄၁/၂၀၁၆) | ၂-၁၂-၂၀၁၆ | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၇။ | နိုင်ငံ့ဝန်ထမ်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၄၂/၂၀၁၆) | ၉-၁၂-၂၀၁၆ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ |
| ၁၈။ | ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ (၄၃/၂၀၁၆) | ၂၀-၁၂-၂၀၁၆ | စီမံ/ဘဏ္ဍာရေးဝန်ကြီးဌာန |
| ၁၉။ | သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ (၄၄/၂၀၁၆) | ၃၀-၁၂-၂၀၁၆ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန |
| ၂၀။ | ဥပဒေဘာသာပြန် ကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၁/၂၀၁၇) | ၈-၂-၂၀၁၇ | ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၂၁။ | ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ(၂/၂၀၁၇) | ၂၈-၂-၂၀၁၇ | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် |
| ၂၂။ | ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် | ၁-၃-၂၀၁၇ | ပညာရေးဝန်ကြီးဌာန |

မူကြမ်း

| စဉ် | အမည် | ထုတ်ပြန်သည့် ရက်စွဲ | သက်ဆိုင်သည့်ဝန်ကြီးဌာန |
|---|---|---|---|
| | ဥပဒေ (၃/၂၀၁၇) | | |
| ၂၃။ | ၂၀၁၇ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေ (၄/၂၀၁၇) | ၁-၃-၂၀၁၇ | စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန |
| ၂၄။ | နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှု နှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေ (၅/၂၀၁၇) | ၈-၃-၂၀၁၇ | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၅။ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေ(၆/၂၀၁၇) | ၂၄-၃-၂၀၁၇ | ပြည်ထောင်စုလွှတ်တော် |
| ၂၆။ | ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေ (၇/၂၀၁၇) | ။ | ။ |

**နောက်ဆက်တွဲ (စ)**

**မူကြမ်း**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေးအထိ ပထမတစ်နှစ်တာ ကာလအတွင်း ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီဝင်များ၏ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီတွင် ဆောင်ရွက်ခဲ့သည့် ဥပဒေကြမ်းများ(၁၃) ခု**

| စဉ် | ဥပဒေကြမ်းအမည် | မှတ်ချက် |
|---|---|---|
| ၁။ | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ဥပဒေဆိုင်ရာ သုံးသပ်ချက် အစီရင်ခံစာ ဆောင်ရွက်ခြင်း | ၁၂-၈-၂၀၁၆ |
| ၂။ | ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်းသော ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာဆောင်ရွက်ခြင်း | ၁၉-၈-၂၀၁၆ |
| ၃။ | လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသော ငြိမ်းချမ်းစွာစုဝေးခြင်း နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာဆောင်ရွက်ခြင်း | ၂၀-၉-၂၀၁၆ |
| ၄။ | လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ ဆောင်ရွက်ခြင်း | ၁၆-၁၁-၂၀၁၆ |
| ၅။ | ၂၀၁၆-၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအပေါ် ဥပဒေကြမ်းပူးပေါင်း | ၃၀-၁၁-၂၀၁၆ |

| စဉ် | ဥပဒေကြမ်းအမည် | မှတ်ချက် |
|---|---|---|
| | ကော်မတီ၏ ဥပဒေဆိုင်ရာသုံးသပ်ချက် အစီရင်ခံစာဆောင်ရွက်ခြင်း | |
| ၆။ | လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စု လွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ ဆောင်ရွက်ခြင်း | ၃၀-၁-၂၀၁၇ |
| ၇။ | လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာဆောင်ရွက်ခြင်း | ၈-၂-၂၀၁၇ |
| ၈။ | ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက် နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ ဆောင်ရွက်ခြင်း | ၁၃-၂-၂၀၁၇ |
| ၉။ | လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘော ထားမှတ်ချက် အစီရင်ခံစာဆောင်ရွက်ခြင်း | ၁၃-၂-၂၀၁၇ |
| ၁၀။ | ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းအပေါ် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်း ကော်မတီ၏ လေ့လာ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာဆောင်ရွက်ခြင်း | ၂၀-၂-၂၀၁၇ |
| ၁၁။ | လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော နိုင်ငံသားများ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို အကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့်စပ် လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်း ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ | ၂၄-၂-၂၀၁၇ |

| စဉ် | ဥပဒေကြမ်းအမည် | မှတ်ချက် |
|---|---|---|
| | ဆောင်ရွက် ခြင်း | |
| ၁၂။ | ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ ဆောင်ရွက်ခြင်း | ၆-၃-၂၀၁၇ |
| ၁၃။ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း အပေါ် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာဆောင်ရွက်ခြင်း (ပြင်ဆင်ဖြည့်စွက်ချက်) | ၆-၃-၂၀၁၇ |

မူကြမ်း

**နောက်ဆက်တွဲ(ဆ)**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေးအထိ ပထမတစ်နှစ်တာကာလအတွင်း ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီမှ ကိုယ်စားလှယ်များ သွားရောက်ခဲ့သည့် နိုင်ငံခြားခရီးစဉ်များ**

| စဉ် | ရက်စွဲ | အမည် | သွားရောက်ခဲ့သည့် နိုင်ငံ | အကြောင်းအရာ |
|---|---|---|---|---|
| ၁။ | ၅.၁၂.၂၀၁၆ မှ ၉.၁၂.၂၀၁၆ ထိ | ဦးထွန်းထွန်းဟိန် | BELGIUM | ဥရောပ ပါလီမန် လေ့လာရေး ခရီးစဉ် |
| ၂။ | ၂၆.၇.၂၀၁၆ မှ ၃၀.၇.၂၀၁၆ ထိ | ဦးကျော်စိုးလင်း | THAILAND | Study tour on best practices and policies in the response to HIV among sex workers |
| ၃။ | ၈.၈.၂၀၁၆ မှ ၁၀.၈.၂၀၁၆ ထိ | ဒေါ်မာမာခိုင် | INDIA | လွှတ်တော်ဆိုင်ရာ လေ့လာရေး သင်တန်း |
| ၄။ | ၁၃.၁၁.၂၀၁၆ မှ ၁၉.၁၁.၂၀၁၆ ထိ | ဦးဝေလှိုင်ထွန်း | SOUTH-KOREA | လွှတ်တော်လေ့လာရေးခရီးစဉ် |
| ၅။ | ၁၉.၁၁.၂၀၁၆ မှ ၃.၁၁.၂၀၁၆ ထိ | ဦးအောင်စိန် | JAPAN | တရားမကြောင်းဆိုင်ရာ တရားစီရင်ရေး၊ စေ့စပ်ခြင်းနှင့် ညှိနှိုင်းခြင်းဆိုင်ရာ လေ့လာရေးခရီးစဉ် |
| ၆။ | ၂၆.၁၁.၂၀၁၆ မှ ၃.၁၂.၂၀၁၆ ထိ | ဦးစိုင်းဖိုးမြတ် | GERMANY<br>THAILAND | လွတ်လပ်ပွင့်လင်း၍ အမှီအခိုကင်းသော မီဒီယာလေ့လာရေး ခရီးစဉ် |
| ၇။ | ၂၁.၁.၂၀၁၇ မှ | ဦးဇော်ဝင်း | ENGLAND | ဗြိတိန်နိုင်ငံချစ်ကြည်ရေးခရီးစဉ် |

| | | | | |
|---|---|---|---|---|
| | ၂၇.၁.၂၀၁၇ ထိ | | | |
| ၈။ | ၈.၈.၂၀၁၆ မှ<br>၁၀.၈.၂၀၁၆ ထိ | ဗိုလ်မှူးချုပ်<br>မောင်မောင် | INDIA | လွှတ်တော်ဆိုင်ရာလေ့လာရေး<br>သင်တန်း |

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၂-၅-၂၀၁၇ ရက်နေ့ (တနင်္လာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**အခြေခံပညာအထက်တန်းတွင် ဝိဇ္ဇာ(သမိုင်း၊ ပထဝီ) ဘာသာရပ်များ သင်ယူသူကျောင်းသား၊ ကျောင်းသူအရေအတွက် နည်းပါးလာခြင်းကြောင့် ပညာရေးဟန်ချက်မညီ ဖြစ်နေခြင်းအပေါ် မည်သို့ဆောင်ရွက်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ(ခ)ဦးရွှေလှဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရွှေလှ(ခ)ဦးရွှေလှဝင်း(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှ(ခ)ဦးရွှေလှဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ အခြေခံပညာအထက်တန်းမှာ (သမိုင်း၊ ပထဝီ) ပါဝင်တဲ့

ဝိဇ္ဇာတွဲကို သင်ယူသူကျောင်းသား၊ ကျောင်းသူအရေအတွက် နည်းပါးလာခြင်းကြောင့် ဟန်ချက်မညီဖြစ်နေခြင်းအပေါ် မည်သို့ဆောင်ရွက်မည်ကို သိရှိလိုပါတဲ့မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံပညာအထက်တန်းအဆင့်မှာ ဘာသာရပ်အတွဲ ရှစ်တွဲရှိပါတယ်။ ကျောင်းသူကျောင်းသားများအနေနဲ့ မိမိနှစ်သက်ရာဘာသာတွဲကို ယူခွင့်ပြုထားပါတယ်။ ဒါပေမဲ့လည်း ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တစ်နိုင်ငံလုံးမှာ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ဘောဂဗေဒပါဝင်တဲ့ သိပ္ပံတွဲနှင့် ဝိပ္ပံများကိုသာ သင်ယူသူအများစုဖြစ်ပြီးတော့ သမိုင်း၊ ပထဝီ ပါဝင်တဲ့ ဝိဇ္ဇာတွဲသင်ယူသူအရေအတွက် အလွန့်အလွန်နည်းပါးနေပါတယ်။ ခေတ်စနစ်အရ သိပ္ပံဘာသာရပ်တွေကို သင်ယူလိုစိတ်များပြားလာခြင်းကြောင့် ဒီလိုဖြစ်ရတယ်လို့ပြောဆိုကြသော်လည်း အမှန်တကယ်တော့အထက်တန်းကျောင်းတွေမှာ သိပ္ပံဘာသာတွဲကို ဦးစားပေးလွန်းခြင်း၊ ဝိဇ္ဇာဘာသာတွဲကိုယူလိုသော်လည်း ယူရန်အားမပေးခြင်းတို့ကြောင့် သမိုင်းဘာသာရပ်ပါဝင်သော ဝိဇ္ဇာတွဲဟာ ကွယ်ပျောက်လုနီးပါး ဖြစ်နေပါတယ်။ အခြေခံပညာအထက်တန်းမှာ သိပ္ပံတွဲ၊ ဝိဇ္ဇာတွဲ ဟန်ချက်မညီဖြစ်နေခြင်း၊ ဝိဇ္ဇာတွဲယူသူ မရှိသလောက်နည်းပါးနေခြင်းကို ရန်ကုန်တိုင်းဒေသကြီးကို ဥပမာထား၍ တင်ပြလိုပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒါကကျွန်တော်တို့ အခြေခံပညာအထက်တန်းမှာပေးထားတဲ့ အတွဲရှစ်တွဲ ဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ ရန်ကုန်မြောက်ပိုင်းခရိုင်မှာ ကျွန်တော်တို့ သိပ္ပံ၊ ဝိဇ္ဇာနှိုင်းယှဉ်တာဖြစ်ပါတယ်။ ညာဘက်အစွန်ဆုံးကဟာ သမိုင်း၊ ပထဝီပါဝင်တဲ့ ဝိဇ္ဇာတွဲဖြစ်ပါတယ်။ ရန်ကုန်အရှေ့ပိုင်းခရိုင် ပထမခုနစ်မြို့နယ်ဖြစ်ပါတယ်။ ခုနစ်မြို့နယ်မှာ ဝိဇ္ဇာတွဲယူသူတစ်ယောက်မှမရှိပါဘူး။ နောက်ထပ်ခုနစ်မြို့နယ်ဖြစ်ပါတယ်။ အဲဒီ ခုနစ်မြို့နယ်မှာလည်း ဝိဇ္ဇာတွဲယူသူ တစ်ယောက်မှမရှိပါဘူး။ ရန်ကုန်တောင်ပိုင်းခရိုင်ဖြစ်ပါတယ်။ ရန်ကုန်အနောက်ပိုင်းခရိုင် ပထမခုနစ်မြို့နယ်ဖြစ်ပါတယ်။ နောက်ထပ်ခြောက်မြို့နယ် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းတစ်တိုင်းလုံးရဲ့ သိပ္ပံနှင့်ဝိဇ္ဇာနှိုင်းယှဉ်ချက်ဖြစ်ပါတယ်။ ဝိဇ္ဇာကျောင်းသား ၂၀၂ ယောက်ရှိတဲ့အထဲမှာ တိုက်ကြီးမြို့နယ်က ၁၀၀ ပါဝင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ သယ်န်းကျွန်းပါဝင်တဲ့ ရန်ကုန်အရှေ့ပိုင်းခရိုင်မြို့နယ် ၁၄ ခုမှာ ဝိဇ္ဇာတွဲသင်ယူသူ တစ်ယောက်မှမရှိခြင်းဟာ ထူးဆန်းနေပါတယ်။ ယူမည့်သူမရှိလို့ကျောင်းတွေကမပေးတာလား။ ကျောင်းတွေကမပေးလို့ ယူမည့်သူမရှိတာလား။ ပြန်လည်ဆန်းစစ်ရန်

လိုအပ်နေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းသူကျောင်းသားများအနေနဲ့ သမိုင်းဘာသာရပ်ကို သင်ယူခြင်းအားဖြင့် နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးသောစိတ်ဓာတ်၊ ကိုယ်ကျိုးစွန့်လိုသောစိတ်ဓာတ်၊ တိုင်းရင်းသားယဉ်ကျေးမှုကို ဖော်ထုတ်သောစိတ်ဓာတ်များကို ပေါ်ထွန်းစေပြီး အမျိုးသားရေး စိတ်ဓာတ်ရှင်သန်ဖွံ့ဖြိုးခြင်း၊ နိုင်ငံတကာဆက်ဆံရေးကို နက်ရှိုင်းစွာနားလည်သဘောပေါက်ခြင်း၊ အတိတ်ကအမှားကို သင်ခန်းစာယူတတ်ပြီး အနာဂတ်မည်သို့ကောင်းမွန်အောင် ပြုလုပ်ရမည်ကို သိရှိခြင်း၊ ထူးချွန်ထက်မြက်သောခေါင်းဆောင်များကို အားကျအတုယူလာခြင်း၊ ဖက်ဆစ်ဝါဒ၊ နာဇီဝါဒ၊ ကွန်မြူနစ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ၊ အရင်းရှင်ဝါဒ၊ စစ်အာဏာရှင်ဝါဒ၊ ဒီမိုကရေစီဝါဒတို့ရဲ့ အနှစ်သာရကို အမှန်အတိုင်း သိရှိစေခြင်းစသော အကျိုးတရားများစွာရရှိနိုင်ပါတယ်။ ထိုနည်းတူ ပထဝီဘာသာရပ်ကိုသင်ယူခြင်းအားဖြင့် ကမ္ဘာ့ပထဝီ၊ မြန်မာ့ပထဝီကိုနားလည်လာခြင်း၊ ရာသီဥတုရေမြေတောတောင် သဘာဝပတ်ဝန်းကျင်အခြေအနေကို နားလည်လာခြင်း၊ တိုင်းပြည်ရဲ့စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ကို သိရှိခြင်းစတဲ့ အကျိုးကျေးဇူးများ ရရှိနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက သမိုင်းသင်ရတာမအအောင်လို့ ပြောဆိုခဲ့ပါတယ်။ ပထဝီပညာရှင်များကလည်း ပထဝီသင်ရတာမကန်းအောင်လို့ ပြောဆိုခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ အခြေခံပညာအထက်တန်းမှာ ဝိဇ္ဇာတွဲ သင်ယူသူ ကျောင်းသူကျောင်းသားအရေအတွက် နည်းပါးခြင်းကြောင့် ပညာရေးဟန်ချက်မညီ ဖြစ်နေခြင်းအပေါ် မည်သို့ဆောင်ရွက်မည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကျွန်တော် ဒေါက်တာမျိုးသိမ်းကြီးက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှ(ခ)ဦးရွှေလှဝင်းရဲ့ အခြေခံပညာအထက်တန်းကျောင်းတွင် ဝိဇ္ဇာ(သမိုင်း၊ ပထဝီ) ဘာသာရပ်များ သင်ယူသူကျောင်းသား၊

ကျောင်းသူအရေအတွက် နည်းပါးလာခြင်းကြောင့် ပညာရေးဟန်ချက်မညီ ဖြစ်နေခြင်းအပေါ် မည်ကဲ့သို့ဆောင်ရွက်မည်ကို သိရှိလိုခြင်းကိစ္စနှင့်စပ်လျဉ်း၍ မေးခွန်းအားရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power point အသုံးပြုခွင့်ပြုဖို့ တင်ပြလိုပါတယ်။ ပညာရေးဝန်ကြီးဌာန အနေနဲ့ ခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်းပဲ အခြေခံပညာအထက်တန်း အဆင့်မှာ သင်ယူနိုင်တဲ့ဘာသာတွဲ ရှစ်မျိုးရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးလည်း တင်ပြသွား ပြီးဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ မြန်မာတစ်နိုင်ငံလုံးမှာ တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုတဲ့ ဦးရေတွေကို ကျွန်တော်တို့ ဘာသာရပ်အလိုက် တင်ပြရမည်ဆိုလျှင် မြန်မာစာနေ့ မှာဖြေဆိုသူ ၇၁၆၂၁၆ ဦးနှင့် အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒတွေကိုကြည့်မယ်ဆိုလို့ရှိရင် ဓာတုဗေဒ၊ ရူပဗေဒဘာသာရပ်မှာလည်းပဲ ကျွန်တော်တို့ဒါ ၆၄၀၀၀၀ ကျော်ရှိနေတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ Biology ဖြစ်တဲ့ ဇီဝဗေဒကိုတော့ ဖြေဆိုသူ ၁၇၆၉၆၈ ဦးရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒါ ကျောင်းသားကျောင်းသူတွေအနေနဲ့ကတော့ တက္ကသိုလ်ဝင်စာပေးပွဲဖြေဆိုဖို့လို့ အတွက်မှာ ဇီဝဗေဒဘာသာရပ်သည် ဒါ ကျောင်းသားကျောင်းသူအများစုရဲ့ လေးပုံတစ်ပုံလောက်ကို သာ ဖြေဆိုတယ်ဆိုတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

သို့သော် ပထဝီဝင်ဘာသာရပ်နှင့်သမိုင်းဘာသာရပ်ကိုကြည့်မယ်ဆိုလို့ရှိရင်တော့ ၇၃၀၀၀ ဝန်းကျင်သာရှိတဲ့အတွက်ကြောင့်မို့လို့ ကျောင်းသားကျောင်းသူ စုစုပေါင်းရဲ့ ၁၀ ပုံတစ်ပုံလောက် သာလျှင် တစ်နိုင်ငံလုံးမှာ ပထဝီဝင်ဘာသာရပ်နှင့် သမိုင်းဘာသာရပ်ကို သင်ယူနေတယ်ဆိုတာကို တွေ့ရမှာဖြစ်ပါတယ်။ သို့သော် ဘောဂဗေဒဘာသာရပ်ကို ကြည့်မယ်ဆိုရင်တော့ ၅၃၀၀၀၀ ကျော်ဝန်းကျင်ရှိတဲ့အတွက်ကြောင့်မို့လို့ လေးပုံသုံးပုံကတော့ ဘောဂဗေဒဘာသာရပ်ကို စိတ်ဝင်စား တယ်ဆိုတာကို တွေ့ရှိရမှာဖြစ်သလို စိတ်ကြိုက်မြန်မာစာကတော့ တစ်နိုင်ငံလုံးဖြေဆိုသူ တစ်ဦးတည်း သာရှိကြောင်း တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ လွှတ်တော်ကိုယ်စား လှယ်ကြီးတင်ပြသလိုပဲ ဝိဇ္ဇာဘာသာရပ်နှင့် သိပ္ပံဘာသာရပ်ကတော့ ဟန်ချက်မညီဘူးဆိုတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီလိုမျိုးအကြံပေးတင်ပြတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးကို ပညာရေးဝန်ကြီးဌာနအနေနဲ့ အထူးပဲကျေးဇူးတင်ရှိပါတယ်။

**မှုကြမ်း**

၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာဆိုရင် မြန်မာတစ်နိုင်ငံလုံးမှာ အခြေခံပညာအထက်တန်းအဆင့် သင်တဲ့ အထက်တန်းပြဆရာဆရာမ စုစုပေါင်း ၃၈၆၄၀ ဦး ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာတော့ အထက်တန်းအဆင့်မှခန့်ထားတဲ့ ဆရာဆရာမသည် ၄၉၇၉ ဦး ရှိတဲ့အထဲမှာ ဝိဇ္ဇာဘာသာတွဲ သင်ကြားပေးနိုင်တဲ့ဆရာဆရာမသည် ၁၁၁၀ ဦး ရှိပါတယ်။ ဒါကြောင့်မို့လို့ ဆရာဆရာမထဲမှာလည်း ကြည့်မယ်ဆိုလို့ရှိရင် သိပ္ပံဘာသာတွဲ သင်နိုင်တဲ့ဆရာဆရာမသည် လေးပုံသုံးပုံလောက် ရှိပြီးတော့မှ ဝိဇ္ဇာဘာသာတွဲ သင်နိုင်တဲ့ဆရာဆရာမကလည်း လေးပုံတစ်ပုံပဲ ရှိတယ်ဆိုတာကို တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ ရန်ကုန်တိုင်းဒေသကြီးမှာ အထက်တန်းဆင့်ဖြစ်တဲ့ နဝမတန်းနှင့်ဒသမတန်း ကျောင်းသားကျောင်းသူဦးရေ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးလည်း တင်ပြပြီးဖြစ်တဲ့အတွက် ကြောင့်မို့လို့ ဝိဇ္ဇာဘာသာတွဲကို သင်ယူနေတဲ့ ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၃၀၀၀၀ မှာ ၄၇၇ ဦးပဲရှိတဲ့အတွက်ကြောင့်မို့လို့ ပထဝီဝင်နှင့်သမိုင်းဘာသာရပ်ကို သင်ယူသူ ၄၇၇ ဦးသာရှိတဲ့အတွက် အင်မတန်နည်းပါးတဲ့အရေအတွက်ဆိုတာ ဒါ မှန်ကန်ပါတယ်။ ဒါကြောင့်မို့လို့ ကျောင်းသားဦးရေပေါ် မူတည်ပြီးတော့မှ ပထဝီဝင်နှင့်သမိုင်းဘာသာရပ်ကို သင်ကြားပို့ချပေးနေတဲ့ ဆရာဆရာမကတော့ ၁၆ ဦးပဲ ရှိပါတယ်။

ဒါကြောင့်မို့လို့ ခုနတုန်းက သင်ကြားပေးနိုင်တဲ့ ဆရာဆရာမအရေအတွက်ထဲမှာ ဝိဇ္ဇာဘာသာ ပထဝီနှင့်သမိုင်းတွေကို သင်နေတဲ့ဦးရေကလည်းပဲ အင်မတန်နည်းပါတယ်။ ဒါကြောင့်မို့လို့ ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခရိုင်မှာရှိနေတဲ့ ခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီးလည်း တင်ပြပြီး ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အရှေ့ပိုင်းခရိုင်မှာ မှန်ပါတယ်။ ပထဝီဝင်နှင့်သမိုင်းဘာသာတွင် သင်ယူခဲ့သူတွေမရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးကိုလည်း ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေတ္တာရပ်ခံပေးပါတယ်။ ကျောင်းအပ်နှံရေးသတင်းပတ်တွေကို ၂၅-၅-၂၀၁၇ ရက်နေ့ကနေ ၃၁-၅-၂၀၁၇ ရက်နေ့အထိ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဲဒီမှာ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူလူထုနှင့်ပါပူးပေါင်းပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသလိုပဲ ယူမည့်သူမရှိလို့ကျောင်းတွေကမပေးတာလား။ ကျောင်းတွေကမပေးလို့ ယူမည့်သူမရှိတာလားဆိုတာကို၊ ဝိဇ္ဇာဘာသာတွဲယူသူတွေမရှိတာကို ပြန်လည်ဆန်းစစ်သွားပါ့မယ်။ အင်မတန်အရေးကြီးပါတယ်။ ပညာရေးဟန်ချက်ညီဖို့လိုတဲ့အတွက် အကြံပြုပေးတာကိုလည်း ကျွန်တော့်အနေနဲ့ ကျေးဇူးတင်ရှိပါကြောင်း တင်ပြလိုပါတယ်။

**မူကြမ်း**

ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ အခြေခံပညာဦးစီးဌာနမှာ အခြေခံပညာ အထက်တန်းဆင့်သင် ကျောင်းတွေဟာ ဘာသာတွဲရှစ်တွဲလုံးမှာ ဘာသာရပ်အလိုက် ကိုက်ညီစွာ သင်ကြားပေးနိုင်တဲ့ ဆရာဆရာမတွေကိုတော့ အထူးအလေးအနက်ထားပြီးတော့ အတတ်နိုင်ဆုံး ကိုက်ညီအောင် ကျွန်တော်တို့အနေနဲ့တော့ ဖြည့်ဆည်းဆောင်ရွက်ပေးပါတယ်။ သို့သော် ကျွန်တော်တို့ အနေနဲ့ကတော့ ဖြည့်ဆည်းဆောင်ရွက်ပေးတဲ့အခါမှာတော့ ဆရာဆရာမရဲ့ ဘွဲ့ယူဖို့လို့သင်ယူခဲ့တာ ကိုတော့ ကျွန်တော်တို့အနေနဲ့ သူ့ကိုလည်းပဲ လွတ်လပ်ခွင့်ပေးထားတာဖြစ်တဲ့အတွက် ကြောင့်မို့လို့ ဒါကိုလည်းပြန်လည်လေ့လာသွားပါမယ်။ ဒီ အရေးအကြီးဆုံးကတော့ ခုနတုန်းက လွှတ်တော် ကိုယ်စားလှယ်ကြီး တင်ပြသလိုပဲ အထက်တန်းအဆင့်ဘာသာရပ်ရွေးချယ်မှုမှာ အခြေခံပညာ အလယ်တန်းအဆင့်အောင်မြင်ပြီးလို့ ကျောင်းသားကျောင်းသူတွေဟာ အတန်းအဆင့်ကူးပြောင်း ပြီးတော့မှ မိမိကြိုက်နှစ်သက်ရာဘာသာတွဲကို သင်ယူနိုင်တဲ့ သင်ကြားသင်ယူမှုအခွင့်အလမ်း ပေးထားတာကို ကျွန်တော်တို့အနေနဲ့ ဒါကို ဆန်းစစ်သွားမည်ဆိုတာကို အလေးအနက်ထားပြီးတင်ပြလို ပါတယ်။ အထက်တန်းအဆင့်ကို တက်ရောက်လာတဲ့ ကျောင်းသားကျောင်းသူတွေကိုလည်းပဲ မည်သည့်ဘာသာတွဲ ရယူရမည်ဆိုတဲ့ ဖိအားပေးစေခိုင်းမှုမပြုလုပ်ဘဲနဲ့ ကျောင်းသားကျောင်းသူတွေ ရဲ့ သဘောဆန္ဒအရ ဘာသာတွဲရွေးချယ်ခွင့်ပေးထားတာကို ကျွန်တော်တို့အနေနဲ့ ဒါပညာရေးဝန်ကြီး ဌာနအနေနဲ့ ယခုကျောင်းအပ်နှံရေးသတင်းပတ် မေလ ၂၅ ရက်နေ့ကနေ ၃၁ ရက်နေ့မှာ အလေးအနက်ထားပြီး ဒါတွေကိုကျွန်တော်တို့အနေနဲ့ လေ့လာဆန်းစစ်ပြီးတော့ ကျွန်တော်တို့အနေနဲ့ ဒါကို ပညာရေးဟန်ချက်မညီမှုကို ကျွန်တော်တို့အနေနဲ့ အလေးအနက်ထားပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

**အင်းတော်မြို့နယ်၊ မော်တိတ်ကျေးရွာအုပ်စု၊ မော်တိတ် အ.ထ.က(ခွဲ)အား အ.ထ.က အဖြစ် အဆင့်တိုးမြှင့်ရန်နှင့် လိုအပ်လျက်ရှိသော ကျောင်းဆောင်များအား ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံးမေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ပြုံး(အင်းတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ အင်းတော်မဲဆန္ဒနယ်က

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ပြုံးဖြစ်ပါတယ်။ ကျွန်မမေးမြန်းလိုတဲ့မေးခွန်းကတော့ အင်းတော်မြို့ မော်တိတ်ကျေးရွာအုပ်စု ပညာရေးဖွံ့ဖြိုးမှုနဲ့ပတ်သက်သည့်မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ အင်းတော်မြို့နယ်ဟာ မြို့ပေါ်လေးရပ်ကွက်အပါအဝင် ကျေးရွာအုပ်စု ၄၃ အုပ်စုနဲ့ ကျေးရွာပေါင်း ၁၄၁ ရွာ၊ လူဦးရေ ၁၁၀၀၀၀ ကျော်နေထိုင်ပါတယ်။ တစ်ခါ အင်းတော်မြို့ကို ကျွန်မတို့ ဒေသအနေနဲ့ မော်လူးဒေသ၊ မာန်လယ်ဒေသ၊ မဲဇာဒေသနဲ့ မော်တိတ်ဒေသရယ်လို့ ဒေသလေးခု ခွဲတဲ့အခါမှာ မော်တိတ်ဒေသမှာတော့ ကျေးရွာအုပ်စုခြောက်အုပ်စုပါဝင်ပြီး ကျေးရွာ ၂၃ ရွာ နေထိုင်ကြပါတယ်။ ကဒူးတိုင်းရင်းသားအများဆုံးနေထိုင်တဲ့ ကျေးရွာအုပ်စုဖြစ်ပါတယ်။ အခြားသော ဒေသများမှာ အထက်တန်းကျောင်းများရှိသော်လည်း မော်တိတ်ဒေသမှာတော့ အ.ထ.က(ခွဲ)ကျောင်း တစ်ကျောင်းသာရှိပါတယ်။ မော်တိတ် အ.ထ.က(ခွဲ)ကျောင်းရဲ့ သမိုင်းကိုပြောရရင် ၁၉၅၇ ခုနှစ်မှာ အခြေခံပညာမူလတန်းကျောင်းကနေစခဲ့ပြီး ၁၉၇၆ ခုနှစ်မှာ တွဲဖက်အလယ်တန်းကျောင်း၊ ၁၉၈၃ ခုနှစ်မှာ အလယ်တန်းကျောင်းဖြစ်ခဲ့ပြီး ၁၉၉၅ ခုနှစ်မှာတော့ တွဲဖက်အထက်တန်းကျောင်းဖြစ်ခဲ့ပါတယ်။ ၂၀၁၁-၂၀၁၂ ခုနှစ်မှာ အ.ထ.က(ခွဲ) ဖွင့်လှစ်ခဲ့ပါတယ်။ သက်တမ်းတစ်လျှောက်လုံးကိုကြည့်ရင် မော်တိတ်ဒေသ ကျေးလက်ပြည်သူများရဲ့ ကိုယ်ထူကိုယ်ထဆောက်လုပ်ခဲ့ကြတာတွေက များပါ တယ်ရှင့်။ မော်တိတ်ဒေသရဲ့ မော်တိတ် အ.ထ.က(ခွဲ)မှာ ကျေးရွာ ၂၃ ရွာကကျောင်းများဖြစ်တဲ့ မူလတန်းလွန်ကျောင်း ရှစ်ကျောင်း၊ အ.လ.က(ခွဲ)ကျောင်း ငါးကျောင်း၊ အလယ်တန်းကျောင်း နှစ်ကျောင်းက ကျောင်းသားများ ဒီကျောင်းကိုပဲအားထားနေရပါတယ်။ ဒီမော်တိတ် အ.ထ.က(ခွဲ)မှာ နှစ်ထပ်ကျောင်းဆောင် သုံးဆောင်ရှိပါတယ်။ အဲဒါတွေကတော့ သီရိမော်ရယ်၊ သုဝဏ္ဏရယ်၊ မိဘမေတ္တာရယ် ဖြစ်ပါတယ်။ ဒါပေမဲ့ ကျေးရွာလူထုရဲ့ ထည့်ဝင်ငွေများနဲ့ဆောက်လုပ်ခဲ့ပြီး သီရိမော်အဆောင်ဟာ ၁၉၅၇ ခုနှစ်ကတည်းကဆောက်ထားတဲ့အတွက် နှစ် ၅၀ ကျော်ခဲ့ပါပြီ။ မိဘမေတ္တာကလည်း ၁၉၈၆ ခုနှစ်ကဆောက်ခဲ့တဲ့အတွက် နှစ် ၃၀ ကျော်ပြီဖြစ်တဲ့အတွက် နှစ်ကြာလာတာနှင့်အမျှ စာသင်ဆောင်များဟာ အန္တရာယ်ဆောင်အဖြစ် ပိတ်ထားခဲ့ကြရပါတယ်။ ၎င်းပိတ်ထားတဲ့ကျောင်းဆောင်များဟာ လုံးဝအန္တရာယ်ဆောင်များ ဖြစ်ကြတဲ့အတွက် အမြန်ဆုံး ဖျက်သိမ်းရန် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ရဲ့ ၂၇-၄-၂၀၁၆ ခရီးစဉ်မှာ လမ်းညွှန်ခဲ့တဲ့အတွက် ဖျက်သိမ်းပြီး ယာယီကျောင်းဆောင်အဖြစ် နိုင်ငံတော်မှ သိန်း ၁၂၀ ပံ့ပိုးတဲ့အတွက် Foundation ချပြီး ကျေးရွာလူထုမှ မြေစိုက်အဆောင်တစ်ဆောင် အစားထိုးပြီး သင်ကြားနေရတာ ဖြစ်ပါတယ်။ ဒီလို စာသင်ကျောင်းတွေ မလုံလောက်တဲ့အတွက် မော်တိတ်ဒေသမှ (၈) တန်း၊ (၉) တန်း၊ (၁၀) တန်း

ကျောင်းသားငယ်လေးများဟာ မော်တိတ် အ.ထ.က(ခွဲ)ကိုကျော်ချွန်ပြီး မော်တိတ်ဒေသနဲ့ ၁၀ မိုင်မှ ၂၅ မိုင်ဝေးတဲ့ အင်းတော်မြို့ပေါ်ရှိ ကျူရှင်၊ ဘော်ဒါများမှာ လာရောက်နေထိုင်ပြီး အင်းတော် အ.ထ.က နဲ့ ရေတွင်းကုန်း အ.ထ.က(ခွဲ)များမှာ ပညာသင်ကြားနေရပါတယ်။ မြို့ပေါ်ကို မပြောင်းနိုင်တဲ့ကျောင်းသားများကတော့ ကျောင်းထွက်ကြရတာများပါတယ်။ ဒီလိုပညာသင်ကြားရတဲ့အတွက် ဆင်းရဲသားမိဘ၊ တောင်သူမိဘများအတွက် ကျောင်းသားတစ်ဦးမှာ အနည်းဆုံး ၁၀ သိန်းမှ ၁၃ သိန်းလောက်အထိ ရှာဖွေပေးနေရပါတယ်။ နိုင်ငံတော်မှ နှစ်စဉ်ပံ့ပိုးပေးနေတဲ့ စိုက်ပျိုးစရိတ်ချေးငွေများ၊ မြစိမ်းရောင်ထောက်ပံ့ငွေများနဲ့ အခြားသောသမဝါယမချေးငွေများဟာလည်း ကျောင်းစရိတ်ထဲကိုပဲ ထည့်သုံးနေရတာတွေ့ပါတယ်။ နိုင်ငံတော်ရဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်များဟာလည်း နှောင့်နှေးစေနေပါတယ်။ နောက်ဆုံးမှာ မိဘများဟာ ကျောင်စရိတ်မလိုလောက်တဲ့အတွက် မူးယစ်ဆေးဝါးများကို ကယ်ရီအဖြစ် လုပ်ကိုင်ဆောင်ရွက်နေကြတာကို တွေ့ရှိနေရပါတယ်။ ဒါ့အပြင် ပညာရေးဝန်ကြီးဌာနရဲ့ ကျောင်းအဆင့်မြှင့်တင်ရေးမူဝါဒအရ သတ်မှတ်ထားသောကျောင်းသားဦးရေ မပြည့်မီနေတဲ့အတွက် အ.ထ.က အဆင့်ကိုတိုးမြှင့်ရန် နှောင့်နှေးခက်ခဲနေခြင်းလည်း ဖြစ်ပါတယ်။ ဒီတော့ တာဝန်ရှိသူများဟာ ဒီကျောင်းအဆင့်မြှင့်တင်ရေးမူဝါဒကို ပုံသေကိုင်စွဲပြီး ကျေးရွာများမှ ကျူရှင်လာတက်သူ ကျောင်းသားများကြောင့် ပိုလျှံနေတဲ့ မြို့ပေါ်ကျောင်းကိုသာ အ.ထ.က အဖြစ်တိုးမြှင့်ဖို့ ဦးစားပေးလုပ်ဆောင်နေတယ်ဆိုတာတွေ့ရပါတယ်။ သို့ပါ၍ ကျေးလက်နေကျောင်းသားလူငယ်များရဲ့ပညာရေးကို ယခုထက်ပိုမိုမြှင့်တင်နိုင်ရန်အတွက် ပညာရေးမူဝါဒများကို ပြန်လည်ဆန်းစစ်ပြုပြင်သင့်ပါကြောင်းအကြံပြုရင်း အောက်ပါမေးခွန်းများကို မော်တိတ်ဒေသမဲဆန္ဒနယ်ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်ရှင်။ (၁) မော်တိတ် အ.ထ.က(ခွဲ)အား အ.ထ.က အဖြစ်အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်ခုနှစ်တွင် ဖြစ်နိုင်ပါသည်လဲနှင့် မရှိပါက အဘယ့်ကြောင့်လဲ သိလိုပါတယ်။ (၂) လတ်တလောလိုအပ်ချက်ဖြစ်သော ကျောင်းဆောင်များကို ပြန်လည်တည်ဆောက်ပေးရန် မည်သည့်ခုနှစ်တွင် စီမံပေးပါမည်လဲဟု ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ပြုံးရဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ မော်တိတ်ကျေးရွာအုပ်စု၊ မော်တိတ်ကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် လိုအပ်လျက်ရှိသော ကျောင်းဆောင်များအား ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိကိစ္စနှင့်စပ်လျဉ်းသည့်မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ သတ်မှတ်မူတွေနဲ့ကိုက်ညီတဲ့ အခြေခံပညာကျောင်း ၉၃၇ ကျောင်း၊ သတ်မှတ်ချက်တွေကိုပြင်ဆင်သတ်မှတ်၍ ကိုက်ညီမှုရှိသဖြင့် ကျောင်းအဆင့်တိုးမြှင့်ပေးခဲ့တဲ့ အခြေခံပညာကျောင်း ၂၃၇၅ ကျောင်း စုစုပေါင်းအခြေခံပညာကျောင်း ၃၃၁၂ ကျောင်းကို အဆင့်တိုးမြှင့်ပေးခဲ့ပါတယ်။ အဲဒီလိုအဆင့်တိုးမြှင့်ပေးခဲ့တဲ့အခါမှာ အင်းတော်မြို့နယ်မှာ အခြေခံပညာမူလတန်းကျောင်းနှစ်ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၁၄ ကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ရှစ်ကျောင်း စုစုပေါင်းအခြေခံပညာကျောင်း ၂၄ ကျောင်းကို ကျောင်းအဆင့်တိုးပေးခဲ့ပါတယ်။

ယခုလာမယ့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာလည်း ကျောင်းအဆင့်တိုးပေးဖို့အတွက်တွေကို ကျွန်တော်တို့ ကျောင်းသားဦးရေသတ်မှတ်ချက်နဲ့ သွားရေးလာရေးခက်ခဲမယ်ဆိုလို့ရှိရင် အထက်တန်းကျောင်းအဆင့်တိုးမပါ။ မူလတန်း၊ မူလတန်းလွန်၊ အလယ်တန်းကျောင်း(ခွဲ)၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း(ခွဲ)တွေကို သွားရေးလာရေးခက်ခဲမယ်ဆိုရင် နှစ်မိုင်၊ သွားရေးလာရေးလွယ်ကူတဲ့ မြေပြန့်ဒေသဆိုရင် သုံးမိုင်နဲ့ သတ်မှတ်ချက်တွေကို ပြင်ဆင်ပြီးတော့ ဖြေလျှော့ပြီးတော့ ကျောင်းအဆင့်တိုးပေးဖို့အတွက်ကို စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

Power Point အသုံးပြုခွင့်ပြုဖို့ တင်ပြလိုပါတယ်။ ဒါက မော်တိတ်အထက်တန်းကျောင်း(ခွဲ)ရဲ့ ကျောင်းအချက်အလက် ၁၄၀ မှာ အကျဉ်းချုပ်လေးတင်ပြခြင်းဖြစ်ပါတယ်။ အဲဒီမှာဆိုလို့ရှိရင် အထက်တန်းကျောင်း(ခွဲ)ကနေ အထက်တန်းကျောင်းအဆင့် တိုးမြှင့်ပေးဖို့အတွက် မူကတော့ အထက်တန်းအဆင့်သင် ကျောင်းသားကျောင်းသူ ၂၀၀ ဦးအထက်ရှိရန် သို့မဟုတ် လမ်းပန်း

ဆက်သွယ်ရေးခက်ခဲတဲ့ဒေသဖြစ်မယ်ဆိုလို့ရှိရင် ပင်မကျောင်း၊ တစ်ဆင့်မြင့်ကျောင်းနှင့် ခရီးအကွာအဝေး ၁၀ မိုင်အထက် ဝေးခြင်းဆိုပြီး သတ်မှတ်ချက်ကို ကျောင်းသားဦးရေနဲ့ ခရီးအကွာအဝေးတွေကို ပြင်ဆင်ပြီးတော့ သတ်မှတ်ပေးထားပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြပေးတဲ့အတွက်ကြောင့်မို့လို့ အထူးပဲကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့ ခုနတုန်းက တင်ပြတဲ့အခါမှာလည်းပဲ ကျောင်းသားကျောင်းသူတွေရဲ့ အခြေအနေ၊ ဒေသရဲ့အခြေအနေ သိရှိရတဲ့အတွက်လည်း ကျွန်တော်တို့အနေနဲ့ ဒါအထူးပဲ စိတ်မကောင်းပါဘူး။ စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ မော်တိတ်ကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှာ စုစုပေါင်းအထက်တန်းအဆင့်သင်တဲ့ကျောင်းသားကျောင်းသူသည် ၉၇ ဦးပဲရှိပြီးတော့ ပင်မကျောင်းနဲ့ ၁၀ မိုင်ခန့်သာကွာဝေးတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့က ကျောင်းသားဦးရေအရရော၊ ၁၀ မိုင်အထက် ကွာဝေးရမယ်ဆိုတာအရပါ မကိုက်ညီတာကို ကျွန်တော်တို့တွေ့ရှိရတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ အထက်တန်းကျောင်း(ခွဲ)ဆိုတာကလည်းပဲ အထက်တန်းပညာသင်ယူခွင့် နဝမတန်းရော၊ ဒသမတန်းရော ပညာသင်ယူခွင့် အခွင့်အလမ်းရှိနေပါတယ်။ ပညာသင်ကြားပေးနေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ကျောင်းသားဦးရေသတ်မှတ်ချက် ၂၀၀ ရော၊ ၁၀ မိုင်အထက် ကွာဝေးရမယ်ဆိုတာနဲ့ပါ မကိုက်ညီဘူးဆိုတာကို တွေ့ရှိရတဲ့အတွက်ကြောင့်မို့လို့ ယခုလောလောဆယ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာတော့ ကျောင်းအဆင့်တိုးမြှင့်ပေးမယ့်စာရင်းထဲမှာမပါရှိသေးပါကြောင်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

သို့သော် မြေပုံပေါ်မှာပြန်ကြည့်ရင်တော့မှန်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားသလိုပဲ မော်တိတ်ကျေးရွာသည် အင်းတော်မြို့ရဲ့အနောက်မြောက်ဘက်မှာ အခုမြေပုံပေါ်မှာဆိုရင် အလယ်တည့်တည့်နေရာလေးရဲ့အနီးစက်မှာရှိပါတယ်။ ၁၀ မိုင်ခန့်လောက်ရှိပါတယ်။ မှန်ပါတယ်။ ဘေးပတ်ဝန်းကျင်မှာလည်းပဲ အထက်တန်းကျောင်းမရှိပါဘူး။ ၁၀ မိုင်ခန့်လောက်ကွာဝေးတဲ့ အင်းတော်မြို့မှာသာ အထက်တန်းကျောင်းရှိတဲ့အတွက်ကြောင့်မို့လို့ စာမေးပွဲကိုတော့ အင်းတော် အ.ထ.က ကျောင်းမှာသာ ဖြေဆိုနေရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ကတော့ ယခုပညာသင်နှစ်မှာ အဆင့်တိုးမြှင့်ပေးဖို့အတွက် စာရင်းထဲမှာမပါရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။ နောက်တစ်ခုဖြစ်တဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာတုန်းက သာမန်အသုံးစရိတ် ၀၄၀၂ ခေါင်းစဉ်

အောက်ကနေပြီးတော့မှ ကိုယ်စားလှယ်ကြီးတင်ပြသလိုပဲ သိန်း ၁၂၀ ကိုတော့ မော်တိတ်ကျေးရွာ အထက်တန်းကျောင်း(ခွဲ)မှာ ၁၂၀ ပေ ၃၀ ပေကို Type-C ဆိုတာသည် ယာယီဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ Foundation ရယ်၊ Column တိုင်တွေရယ် အမိုးရယ်နဲ့ ခါးလောက်ရှိတဲ့ဟာလောက်နဲ့ ယာယီကျောင်းဆောင် တည်ဆောက်ပေးထားတာ ဖြစ်ပါတယ်။ အဲဒါကိုလည်းပဲ အခု ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ ကျွန်တော်တို့အနေနဲ့ ဒါကိုပြန်လည်စိစစ်သွားပြီးတော့မှ ကျွန်တော်တို့အနေနဲ့ ဒါကိုကျောင်းဆောင်အပြည့်တည်ဆောက်ပြီးစီးဖို့အတွက်ကို ကျွန်တော်တို့ပညာရေးဝန်ကြီးဌာနအနေနဲ့ အလေးအနက်ထားပြီးတော့မှ ဆက်လက်အကောင်အထည်ဖော်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဖောင်းပြင်မြို့နယ်ရှိ ရောင်းဟီး အ.လ.က(ခွဲ)အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ်လည်းကောင်း၊ မိုင်းချောင်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် ဟဲလှော် အခြေခံပညာအထက်တန်းကျောင်းအဖြစ်လည်းကောင်း ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခြင်းရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးထွန်းဝေ(ဖောင်းပြင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအောက်မှာရှိတဲ့ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)များနှင့် အထက်တန်းကျောင်း(ခွဲ)များအား အဆင့်တိုးမြှင့်ပေးရန်နှင့်စပ်လျဉ်း၍ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ဖောင်းပြင်မြို့နယ်၊ မြို့နယ်ပညာရေးမှူးရုံးမှ ကျောင်းများအဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုရန် ဦးစားပေးအစီအစဉ်ဖြင့် အဆိုပြုထားသော One Line ပုံစံများကိုလည်း ကျွန်တော့်ရဲ့မေးခွန်းနှင့်အတူ ပေးပို့ထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဒေသလိုအပ်ချက်နှင့် လမ်းပန်းဆက်သွယ်မှုအခက်အခဲများကြောင့် ပညာရေးဌာန၏ သတ်မှတ်အညွှန်းကိန်းများကို အနည်းငယ်ဖြေလျှော့စဉ်းစားပေးပြီးမှ အဆိုပါကျောင်းများမှာပါဝင်တဲ့ (၁) ဦးစားပေးအဆင့်(၁)တွင်ရှိသော ရောင်းဟီး အ.လ.က(ခွဲ)အား ယခု ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းကျောင်းသို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ရန်အစီအစဉ်ရှိ/မရှိ၊ (၂) ဦးစားပေးအဆင့်

(၁)နှင့်(၂)တွင်ရှိသော မိုင်းချောင်း အ.ထ.က(ခွဲ)နှင့် ဟဲလျော် အ.ထ.က(ခွဲ)တို့အား အ.ထ.က များ အဖြစ်သို့ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ပေးနိုင်ရန်အစီအစဉ်ရှိ/မရှိ ဒေသခံပြည်သူ များကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရ ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါခင်ဗျာ။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းဝေရဲ့မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုဖို့အတွက် လေးစားစွာတင်ပြလိုပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ပြီးခဲ့တဲ့ပညာသင်နှစ်မှာ ၃၃၁၂ ကျောင်းကို ကျောင်းအဆင့်တိုးမြှင့်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဖောင်းပြင် မြို့နယ်မှာတော့ အခြေခံပညာမူလတန်းကျောင်း(ခွဲ) လေးကျောင်း၊ အခြေခံပညာမူလတန်းလွန် ကျောင်း ၁၄ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ၁၃ ကျောင်း စုစုပေါင်း အခြေခံပညာ ကျောင်းပေါင်း ၃၁ ကျောင်းကို ကျွန်တော်တို့ ကျောင်းအဆင့်တိုးမြှင့်ပေးခဲ့ပါတယ်။ ယခု ပညာသင်နှစ် မှာတော့ အလယ်တန်းကျောင်း(ခွဲ)ကနေ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးဖို့အတွက် သတ်မှတ်မှုက ကျောင်းသားဦးရေအရဆိုရင် အလယ်တန်းအဆင့်သင်ကျောင်းသားကျောင်းသူ ၂၄၀ ဦးနှင့်အထက်ရှိခြင်း သို့မဟုတ် သွားလာမှုခက်ခဲသောဒေသဖြစ်ပါက ပင်မကျောင်း၊ တစ်ဆင့်မြင့် ကျောင်းနှင့် ခရီးအကွာအဝေး နှစ်မိုင်အထက်ကွာဝေးခြင်း သို့မဟုတ် သွားလာရလွယ်ကူသော မြေပြန့် ဒေသဖြစ်ပါက ပင်မကျောင်း၊ တစ်ဆင့်မြင့်ကျောင်းနှင့် သုံးမိုင်အထက်ကွာဝေးခြင်းဆိုပြီး ကျောင်း အဆင့်တိုးမှုတွေကို ပြင်ဆင်ပြီးတော့သတ်မှတ်ပေးထားပါတယ်။ ကျောင်းသားဦးရေအရရယ်၊ သွားရေး လာရေးခရီးအကွာအဝေးအရ ကျွန်တော်တို့ ပြင်ဆင်သတ်မှတ်ပေးထားပါကြောင်း တင်ပြအပ်ပါတယ်။

အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကနေ အခြေခံပညာအထက်တန်းကျောင်းအဆင့် တိုးမြှင့် ပေးဖို့မှုကတော့ ဖောင်းပြင်မြို့နယ်၊ ရောင်းဟီးကျေးရွာအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှာ ကျောင်းသားကျောင်းသူစုစုပေါင်း ၁၇၈ ဦးရှိပါတယ်။ ဒါကြောင့်မို့လို့ သတ်မှတ်ကျောင်းသားဦးရေ

၂၄၀ ကိုတော့ မပြည့်မီဘူး။ သို့သော် သွားလာမှုခက်ခဲပြီးတော့ ပင်မကျောင်းနဲ့ ခုနစ်မိုင်ကွာဝေးတဲ့ အတွက်ကြောင့်မို့လို့ ခရီးအကွာအဝေးမိုင်အရ သတ်မှတ်ချက်နဲ့ကိုက်ညီတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ကျောင်းအဆင့်တိုးမြှင့်ပေးနိုင်ရေးအတွက် ဆက်လက်စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ် ပါကြောင်း တင်ပြအပ်ပါတယ်။

နောက်တစ်ခုသည် မိုင်းချောင်းကျေးရွာအထက်တန်းကျောင်း(ခွဲ)ကို အထက်တန်းကျောင်း အဖြစ် ကျောင်းအဆင့်တိုးမြှင့်ပေးဖို့အတွက် စိစစ်ဆောင်ရွက်မှုအခြေအနေဖြစ်ပါတယ်။ ဒါက မိုင်းချောင်းကျေးရွာ အထက်တန်းကျောင်း(ခွဲ)ဖြစ်ပါတယ်။ ကျောင်းရဲ့အချက်အလက်အချို့ဖြစ်ပါ တယ်။ ၁၄၀ ချက်ထဲကဖြစ်ပါတယ်။ အထက်တန်းကျောင်းသားဦးရေ ၁၇၁ ဦးရှိပါတယ်။ ပင်မကျောင်း နဲ့ခရီးအကွာအဝေးသည် ၃၄ မိုင်ကွာဝေးတယ်ဆိုတာကို ကျွန်တော်တို့ စိစစ်တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျောင်းသားကျောင်းသူဦးရေ ၁၇၄ ဦးရှိသေးသော်လည်း ပင်မကျောင်းနဲ့ ခရီး အကွာအဝေးသည် ၁၀ မိုင်အထက်ရှိတဲ့အတွက်ကြောင့်မို့လို့၊ သတ်မှတ်ချက်နဲ့ကိုက်ညီမှုရှိတဲ့အတွက် ကြောင့်မို့လို့ ကျောင်းအဆင့်တိုးမြှင့်ပေးဖို့အတွက် ဆက်လက်စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ဟဲလျှော်ကျေးရွာ အ.ထ.က(ခွဲ)ကျောင်းကို အဆင့်တိုးမြှင့်ပေးဖို့အတွက် တင်ပြတာဖြစ်ပါတယ်။ အဲဒါမှာတော့ ကျောင်းသားကျောင်းသူဦးရေသည် ၁၇၄ ဦးရှိပြီးတော့ ပင်မ ကျောင်းနဲ့ခရီးအကွာအဝေးသည် ၁၄ မိုင်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျောင်းသားကျောင်းသူဦးရေ သတ်မှတ်ချက်မပြည့်မီသော်လည်း ၁၀ မိုင်အထက်ကွာဝေးတဲ့အတွက်ကြောင့်မို့လို့ သတ်မှတ်ချက်နဲ့ ကိုက်ညီပါတယ်။ ဒါကြောင့်မို့လို့ ကျောင်းအဆင့်တိုးမြှင့်ပေးဖို့လို့အတွက် ဆက်လက်စိစစ်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါကတော့ ဖောင်းပြင်မြို့နယ်ရဲ့မြေပုံဖြစ်ပါတယ်။ မြေပုံ ပေါ်မှာလည်းပဲ ပညာရေးဝန်ကြီးဌာနအနေနဲ့ စိစစ်ပြီးတော့ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ် ပါတယ်။ အလယ်တန်းကျောင်း(ခွဲ)များဖြစ်ပါတယ်။ ကျွန်တော်တို့ နောက်ထပ် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)နှစ်ကျောင်းနဲ့ အလယ်တန်းကျောင်း(ခွဲ)တစ်ကျောင်းတို့ဟာ ကျောင်းအဆင့် တိုးပြီးပြီဆိုရင်တော့ ပညာရေးဝန်ကြီးဌာနအနေနဲ့ မေတ္တာရပ်ခံလိုတာကတော့ မိဘအုပ်ထိန်းသူတွေနှင့် ဒေသခံတွေက ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံဖို့အရေးကြီးပါတယ်။ ကျောင်းသား ကျောင်းသူများ ကျောင်းမှန်မှန်တက်ပြီး ကျောင်းမထွက်ဖို့လိုပါတယ်။ ဆရာဆရာမတွေနဲ့ပူးပေါင်းပြီး

တော့မှ အတန်းတွင်းရှိ ကျောင်းသားကျောင်းသူအားလုံး သင်ယူတတ်မြောက်မှုကောင်းမွန်ရေး ပူးပေါင်းဆောင်ရွက်ဖို့အရေးကြီးပါတယ်။ ကျောင်းသားကျောင်းသူအားလုံး စာဖတ်ပြိုင်ပွဲ၊ အင်္ဂလိပ်စာပြိုင်ပွဲ၊ သင်္ချာပြိုင်ပွဲတွေမှာ ပြိုင်ပွဲဝင်ဖို့ အရေးကြီးပါတယ်။ ကျောင်းသားကျောင်းသူများ အိမ်စာမှန်မှန်လုပ်ဖို့အရေးကြီးပါတယ်။ စာကြည့်တိုက်အသုံးပြုဖို့ အရေးကြီးပါတယ်။ မိဘတွေကလည်းပဲ ကျောင်းကသတ်မှတ်တဲ့နေ့ရက်တွေမှာ မိမိကလေးတွေကို စာသင်ယူတတ်မြောက်မှုအရည်အသွေးကောင်းမွန်ရေး လာရောက်လေ့လာပြီး ဆရာဆရာမတွေနဲ့ လိုအပ်သလိုပူးပေါင်းဖို့ အရေးကြီးပါတယ်။ ကျောင်းသန့်ရှင်းရေးလုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်ဖို့အရေးကြီးပါတယ်။ မိဘဆရာအသင်းလုပ်ငန်းတွေမှာလည်း ရပ်မိရပ်ဖတွေ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့တွေ၊ တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့တွေနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးဖို့အတွက် လိုအပ်မှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျောင်းအဆင့်တိုးမြှင့်ပေးပြီးပါက စာသင်ဆောင်၊ သင်ကြားရေး ဆရာဆရာမနှင့်သင်ထောက်ကူပစ္စည်းများ ထပ်မံလိုအပ်လာနိုင်တာဖြစ်ပါတယ်။ ဒီလိုလိုအပ်လာတာတွေကိုတော့ ပညာရေးဝန်ကြီးဌာနအနေနဲ့ အလေးအနက်ထားပြီး ခွင့်ပြုဘဏ္ဍာရေးအခြေအနေအရ လိုအပ်ချက်များဖြည့်ဆည်းပေးရန် စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

**ကျောက်ကြီးမြို့၊ ပဲခူးရပ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ဘုရင့်နောင် တစ်ထပ်ကျောင်းဆောင်အား ဖျက်သိမ်းခွင့်ပြုပြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပေ(၃၀ x ၉၀) နှစ်ထပ်ကျောင်းဆောင်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ငွေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ငွေ(ကျောက်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ကြွရောက်လာကြသော ဧည့်သည်တော်အပေါင်းတို့အား မင်္ဂလာပါလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ငွေ ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ကျောက်ကြီးမြို့၊ ပဲခူးရပ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ဘုရင့်နောင်တစ်ထပ်ကျောင်းဆောင်အား ဖျက်သိမ်းခွင့်ပြုပြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပေ(၃၀ x ၉၀) နှစ်ထပ်ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်နိုင်ရန် နိုင်ငံတော်မှ ရန်ပုံငွေခွဲဝေချမှတ်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ စပ်လျဉ်းတဲ့မေးခွန်းဖြစ်ပါတယ်ခင်ဗျား။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးရပ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သည် မြို့တွင်းရှိ အစဦးဆုံး တည်ဆောက်ခဲ့သောကျောင်းဖြစ်ပြီးတော့ ၁၉၂၀ ခုနှစ်မှ ၁၉၆၅ ခုနှစ်အထိ အခြေခံပညာမူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းများအဖြစ် တစ်ဆင့်ပြီးတစ်ဆင့် အဆင့်မြင့်တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ သို့သော်လည်း ၁၉၆၇ ခုနှစ်တွင် ကျောင်းသားအင်အားတိုးပွားလာခြင်း၊ မြို့ထဲ၌ တည်ရှိပြီး ကျောင်းမြေနေရာမလုံလောက်ခြင်းတို့ကြောင့် မြို့ရဲ့အရှေ့ဘက်ရှိ ကျောက်ကြီးအခြေခံပညာအထက်တန်းကျောင်းသို့ ပြောင်းရွှေ့ပညာသင်ကြားစေခဲ့ပါတယ်ခင်ဗျား။ မူလရှိခဲ့တဲ့ ပဲခူးရပ် အ.ထ.က အား အခြေခံပညာမူလတန်းကျောင်းအဖြစ် ထားရှိခဲ့ပြီး ထိုမှတစ်ဆင့် ၁၉၆၇ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ အ.မ.က၊ ၁၉၈၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ အ.မ.က(မူလွန်)၊ ၂၀၀၈ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ အ.လ.က(ခွဲ)နှင့် ၂၀၁၄ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ အ.လ.ကအဖြစ် အဆင့်တိုးမြှင့်ခြင်း ခံခဲ့ရပါတယ်။ ၂၀၁၅ စာသင်နှစ်အစမှစ၍ ယခုအချိန်အထိ အ.ထ.က(ခွဲ)အဖြစ် တိုးချဲ့ ဖွင့်လှစ်နိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်ကြီးမြို့ပေါ်ရှိ ပဲခူးရပ် အ.ထ.က(ခွဲ)ကျောင်းသည် အကျယ်အဝန်းဧရိယာအားဖြင့် ၀.၆၁၂ ဧကသာရှိပြီးတော့ ကျဉ်းမြောင်းပါတယ်။ ထိုဧရိယာအတွင်း၌ (၁) ပေ(၁၄၀ x ၃၀) တစ်ထပ်ကျောင်းဆောင် ကျန်စစ်သားအဆောင်၊ (၂) ပေ(၆၀ x ၃၀) နှစ်ထပ်ကျောင်းဆောင် အနော်ရထာဆောင်၊ (၃) ပေ(၈၀x၂၄) တစ်ထပ်ဆောင် ဘုရင့်နောင်ဆောင်တို့ ပါဝင်ပါတယ်။ သို့သော် ဘုရင့်နောင်တစ်ထပ်ကျောင်းဆောင်အား ၁၉၆၀ ခုနှစ်မှစ၍ တည်ဆောက်ခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော်ကြာမြင့်ခဲ့ပြီးဖြစ်ပါတယ်။ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းစသဖြင့် သစ်သားများလည်း ဆွေးမြည့်နေပြီဖြစ်ပါတယ်။ ယခုအခါ ကျောင်းသားအင်အားမှာ ၆၀၀ နီးပါးဖြစ်လာပြီဖြစ်သောကြောင့် စာသင်ခန်းလည်း လိုအပ်လာပါတယ်။ ဒါ့အပြင် အထက်တန်းအင်္ဂါရပ်နဲ့ညီစေရန် သိပ္ပံခန်း၊ စာကြည့်တိုက်၊ ကွန်ပျူတာခန်းနှင့် ဆရာဆရာမများနားနေခန်းများလည်း လိုအပ်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့မေးမြန်းလိုသည်မှာ ကျောက်ကြီးမြို့၊ ပဲခူးရပ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဘုရင့်နောင်တစ်ထပ်ကျောင်းဆောင်အား ဖျက်သိမ်းခွင့်ပြုပြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပေ(၃၀x၉၀) နှစ်ထပ်ကျောင်းဆောင်ဆောက်လုပ်နိုင်ရန် နိုင်ငံတော်မှ ရန်ပုံငွေချပေးရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဝေရဲ့မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေအဖြစ် ကျောင်းဆောင်ဆောက်လုပ်ခြင်းများ ဆောင်ရွက်ရန်အတွက် ငွေကျပ်စုစုပေါင်း ၃၇၄ သန်းခွဲဝေရရှိပြီးတော့မှ ယခုဘဏ္ဍာရေးနှစ်မှာတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနကို လုပ်ငန်းအပ်နှံပြီး ဆောင်ရွက်သွားဖို့အတွက် စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။ ကျောက်ကြီးမြို့နယ် အထက်တန်းကျောင်းခွဲမှာ ဘုရင့်နောင်ကျောင်းဆောင်၊ အနော်ရထာ ကျောင်းဆောင်၊ ကျန်စစ်သားကျောင်းဆောင်၊ မူကြိုကျောင်းဆောင်ဆိုပြီးတော့ စုစုပေါင်း လေးဆောင် ရှိပြီးတော့မှ စာသင်ခန်းဧရိယာစုစုပေါင်းက ၉၆၀၀ စတုရန်းပေရှိကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ မူလတန်းအဆင့်မှာ ကျောင်းသားကျောင်းသူ ၂၉၆ ဦးရှိပြီးတော့ လက်ရှိ စာသင်ခန်းဧရိယာပေါင်းက ၃၅၅၂ စတုရန်းပေ၊ အလယ်တန်းနှင့်အထက်တန်းအဆင့်မှာ ကျောင်းသား ကျောင်းသူ ၃၁၄ ဦးရှိပြီး ၎င်းတို့အတွက် လက်ရှိစာသင်ခန်းဧရိယာပေါင်းက ၅၆၅၂ စတုရန်းပေ အသီးသီးအသုံးပြုထားရှိပါတယ်။ ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာ ဦးစီးဌာနမှာ ကျောင်းသားတစ်ဦးကို စာသင်ကြားနိုင်စေရန်အတွက် မူလတန်းအဆင့်မှာ ၁၂ စတုရန်းပေ၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်မှာ ၁၈ စတုရန်းပေ သတ်မှတ်ဆောင်ရွက်လျက်ရှိပါ တယ်။ ဒါကြောင့်မို့လို့ ဒီကျောင်းဆောင်တွေမှာ ကျောင်းသားကျောင်းသူစုစုပေါင်း ၉၁၀ ဦး အတွက် လက်ရှိစာသင်ခန်းဧရိယာပေါင်း ၉၂၀၄ စတုရန်းပေအား အသုံးပြုထားတဲ့အတွက်ကြောင့်မို့လို့ လောလောဆယ်မှာတော့ ကျွန်တော်တို့ စာသင်ဆောင်နဲ့ ကျောင်းသားဦးရေအရတော့ လုံလောက် မှုတနေသေးတာကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့ ဓာတ်ပုံမှတ်တမ်းတွေအရလည်း ဘုရင့်နောင် ကျောင်းဆောင်ဟာ ကောင်းစွာစာသင်ကြားနိုင်သေးတာကိုလည်း တွေ့ရှိရပါတယ်။

ဒါကြောင့်မို့လို့ ပြီးခဲ့တဲ့ဘဏ္ဍာရေးနှစ်က အ.ထ.က(ခွဲ)ကျောင်းမှာ ပေ(၁၀၀x၃၀) RC နှစ်ထပ် ကျောင်းဆောင်ဆောက်လုပ်ဖို့အတွက် B Plan ဆိုတာသည် ဒုတိယဦးစားပေးထည့်သွင်းလျာထားပေး

ခဲ့သော်လည်း ခွင့်ပြုချက်ရရှိတဲ့စာရင်းမှာ မပါဝင်တဲ့အတွက် ကျွန်တော်တို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေအဖြစ် ကျောင်းဆောင်ဆောက်လုပ်ပေးနိုင်ခြင်းမရှိသေးဘူးဆိုတာကို တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ အခြေခံပညာဦးစီးဌာနမှ အန္တရာယ်ရှိ/မရှိကို သတ်မှတ်တဲ့မူများကို လေးစားစွာတင်ပြအပ်ပါတယ်။ ကျောင်းဆောင်ရဲ့ဆောက်လုပ်ထားတဲ့ သက်တမ်း ပျဉ်ကာ၊ ပျဉ်ခင်းဆိုရင် ၁၀ နှစ်၊ အုတ်ညှပ်ဆိုရင် အနှစ် ၂၀၊ သံကူကွန်ကရစ် အဆောက်အအုံဆိုရင် ၅၀ နှစ်၊ အင်ဂျင်နီယာမဟုတ်သောအဖွဲ့အစည်းများဖြစ်သည့် ကျောင်းအုပ်၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအကျိုးတော်ဆောင်၊ တိုင်းဒေသကြီး/ပြည်နယ် ဒီလို မှတ်ချက်ပြုထားတဲ့အခြေအနေအရ ကောင်း/သင့်/ညံ့ ခွဲပြီးတော့ ကျွန်တော်တို့ သတ်မှတ်ပေးပါတယ်။ မြို့နယ်ဆောက်လုပ်ရေး သို့မဟုတ် စည်ပင်အင်ဂျင်နီယာရဲ့ စစ်ဆေးချက်အရ ထောက်ခံချက်လိုပါတယ်။ ကျောင်းဆောင်သက်တမ်းကြာမြင့်မှုကြောင့် တိုင်အောက်ခြေတွေပျက်ပြီး ယိုင်လဲနေတာ အချိန်မရွေးပြိုလဲနိုင်တာဟာ သစ်သားကျောင်းဆောင်တွေ၊ ယာယီဆောင်၊ ဘုန်းကြီးကျောင်း၊ ဓမ္မာရုံတွေမှာ သင်နေတဲ့ ကျောင်းတွေ၊ အဆောက်အအုံရဲ့ပင်မအမာခံအစိတ်အပိုင်း၊ Main Structure အုတ်မြစ်၊ တိုင်၊ တန်း၊ ယက်မ၊ ထုပ်၊ ယောက်၊ ဒိုင်းများ အစရှိတာတွေ ခိုင်ခံ့မှုမရှိတာတွေ။ အပြင်အမိုးပိုင်းမှာလည်းပဲ သစ်အမျိုးအစားမမှန်လို့ ဒိုင်းမျက်နှာကြက်တန်းတွေပျက်စီးနေတာ၊ အုတ်နံရံတွေအက်ကွဲပြီး ရုတ်တရက်ပြိုကျနိုင်တာ။ ပြီးရင် အမိုးပိုင်းကောင်းသော်လည်း အကာ အုတ်နံရံတွေ အက်ကွဲပြီးတော့မှ လေဒဏ်၊ သဘာဝဘေးဒဏ် မခံနိုင်ပြီးတော့ အချိန်မရွေးပြိုလဲနိုင်တဲ့ အုတ်ညှပ်ကျောင်းဆောင်တွေ၊ ကျောင်းဆောင်ရဲ့ဝရန်တာနဲ့ စာသင်ခန်းကြမ်းခင်းတွေ၊ ယက်မတွေ၊ စဥ့်တန်းတွေ ခြစားပြီးတော့မှ အချိန်မရွေး ကျွံကျ၊ ကျိုးကျနိုင်တဲ့ နှစ်ထပ်ကျောင်းဆောင်တွေ၊ လေပြင်းဒဏ်ခံရပါက အမိုးနှင့်မျက်နှာကြက်ပြုတ်ကျနိုင်တဲ့ကျောင်းတွေ၊ လေပြင်းတိုက်ခတ်မှုကြောင့် နံရံတွေပြိုကျနိုင်တဲ့ ကျောင်းဆောင်တွေ၊ မြစ်ကမ်းပါးအလွန်နီးပြီး ကမ်းပြိုလျက်ရှိတဲ့ဒေသမှာရှိတဲ့ ကျောင်းဆောင်တွေ၊ လေမုန်တိုင်း၊ လျှောင်ကဲ့သို့သော သဘာဝဘေးအန္တရာယ်ကျရောက်လာလျှင် ချက်ချင်းပြိုကျနိုင်တဲ့ ကျောင်းဆောင်တွေ ပြတင်း၊ တံခါးကြီးဘောင်၊ စကြံ၊ လှေကားတွေပျက်စီးနေတဲ့ ကျောင်းဆောင်တွေကို ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ အန္တရာယ်ရှိကျောင်းဆောင်များ အဖြစ်သတ်မှတ်ပြီး ဥပဓိရုပ်မကောင်းတဲ့သတ်မှတ်ချက်မူများကိုလည်းပဲ ကျွန်တော်တို့ ဖော်ပြပါအတိုင်း သတ်မှတ်ထားပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အန္တရာယ်ဆောင်အဖြစ်သတ်မှတ်ရန်၊ ဥပဓိရုပ်မကောင်းတဲ့ကျောင်းဆောင်အဖြစ် သတ်မှတ်ရန်သော်လည်းကောင်း

ဆောင်ရွက်ရမည်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ပြန်လည်စိစစ်ပြီးတော့မှ ဒီဟာကို သတ်မှတ်မူတွေနဲ့ ကိုက်ညီမှုရှိ/မရှိ စိစစ်ပြီးတော့ လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့်တင်ပြ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ အလျဉ်းသင့်လို့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များကို ကျွန်တော်တင်ပြချင်တာရှိပါတယ်။ ဘာလဲဆိုတော့ ယခုပညာရေးဝန်ကြီးပြောတဲ့ ဒီခွင့်ပြုချက်ရန်ပုံငွေ ပေါ့နော်။ ဒါပါမှဆိုတာ ကျွန်တော်တို့က ဘတ်ဂျက်ရာသီချတဲ့အခါမှာ အဲဒီတစ်နိုင်ငံလုံးက ကျွန်တော်တို့က စာအုပ်ကအထပ်ကြီးလိုက်ပေးရတာကိုး။ တစ်တောင်ကျော်ကျော်လောက်ရှိတာဆိုတော့ တစ်နိုင်ငံလုံးက ဘတ်ဂျက်ကို မဖတ်နိုင်ရင်တောင်မှ ကိုယ့်မဲဆန္ဒနယ်နဲ့ပတ်သက်တဲ့၊ ကိုယ့်တိုင်းဒေသကြီး/ကိုယ့်မြို့နယ်နဲ့ပတ်သက်တဲ့ ဘတ်ဂျက်ကိုတော့ ကျွန်တော်တို့ကိုယ်စားလှယ်တွေက သေချာကြည့်စေချင်တယ်။ ဒါဟာအရေးကြီးတယ်။ ဒါကို ခုနက ပညာရေးဝန်ကြီးဌာနကလည်း မပါတော့ မလုပ်ပေးနိုင်တာ စိတ်မကောင်းစွာနဲ့ပြောသွားတယ်။ ထို့အတူပဲ ဘတ်ဂျက်ချပြီးမှ လွှတ်တော်နားတဲ့ ရက်ကလေးတွေမှာဖြစ်လာတဲ့ကိစ္စလေးတွေ ကျွန်တော့်ဆီရောက်တယ်။ ဘာလဲ။ တချို့က ဒီလမ်းက ပါသွားတယ်။ ဒီလမ်းက မြို့နယ်အတွက်၊ ရွာအတွက် အကျိုးမရှိဘူး။ ဒီလမ်းကအကျိုးရှိတယ်။ ဒီလမ်းပဲလုပ်ချင်တယ်။ ဒီဘတ်ဂျက်ကို ဒီလမ်းပဲလုပ်ချင်တယ်လို့မရဘူး။ အစက အဲဒီလိုဆိုရင် ကိုယ့်မဲဆန္ဒနယ်မှာရှိတဲ့၊ တာဝန်ရှိတဲ့ ကိုယ့်ကိုယ်စားလှယ်တွေက ကိုယ့်မြို့နယ်၊ ကိုယ့်တိုင်းမှာပါတဲ့ ဘတ်ဂျက်ကို သေချာကြည့်ဖို့လိုတယ်။ ဒါတစ်ခု။ နောက်တစ်ခုက ဘာတစ်ခု တက်လာလဲ။ ဘတ်ဂျက်ကိုချပေးလိုက်ပြီးပြီ။ ဥပဒေကြီးပေါ်သွားပြီ။ အဲဒီတော့မှ ဒီဝန်ကြီးဌာနရဲ့ ဒီလုပ်ငန်းနဲ့ပတ်သက်တဲ့ ဒီဘတ်ဂျက်တွေက ဘယ်နေရာမှာများပါတယ်။ အထောက်အထားနဲ့အချက်အလက်နဲ့ခိုင်လုံရင် ကျွန်တော်တို့ လက်ခံတယ်။ ဒါပေမဲ့ အဲဒီတုန်းက၊ ဘတ်ဂျက်တုန်းက အဲဒါဆိုရင်လည်း ဖြတ်ဖို့၊ တောက်ဖို့၊ ပယ်ဖို့၊ ငြင်းဖို့ အဲဒီလိုပဲ အထောက်အထား ခိုင်ခိုင်လုံလုံနဲ့ ကျွန်တော်တို့ ကိုယ်စားလှယ်တွေက ဆွေးနွေးဖို့လိုတယ်။ အခုဟာက မိုးလွန်မှ လိုက်ထွန်ချရတာ။ အဲဒါမဖြစ်သင့်ဘူး။ ကျွန်တော်ပြောချင်တာက တစ်နိုင်ငံလုံးရဲ့ အခွန်အကောက်၊ ဘတ်ဂျက်၊ စီမံကိန်း ဒီအရေးကြီးတဲ့ သုံးခုဟာ လွှတ်တော်ထဲရောက်လာပြီဆိုရင် တစ်နိုင်ငံလုံးကို မကြည့်နိုင်ရင်တောင်မှ ကိုယ့်မဲဆန္ဒနယ်၊ ကိုယ့်မြို့မှာဖြစ်တဲ့၊ ကိုယ့်တိုင်းဒေသကြီးမှာဖြစ်တဲ့ ဘတ်ဂျက်ကိစ္စကိုတော့ သေချာလေးတော့ ကြည့်ဖို့ လိုတယ်။ ပြီးသွားပြီးမှ ဒါတွေ ဒီလိုဖြစ်ပါတယ် ဆိုတော့ အခုနက ကျွန်တော်ပြောသလို မိုးလွန်မှ ထွန်လိုက်ချသလို ဘယ်လိုလုပ်ရမလဲ။ ဒီမှာ ကိုယ့်လုပ်ကိုင်ခွင့်ရှိတုန်းကို ဒီဟာကြီးပေးပြီးတော့

ပွင့်ပွင့်လင်းလင်းပြောရရင် စာအုပ်ကြိုးမဖြေဘဲနဲ့ အထုပ်ကြီးမဖြေဘဲနဲ့ မဖတ်ဘဲနဲ့ နောက်မှ လာသိလို့မရတော့ဘူး။ ဟိုမှာက ဥပဒေဖြစ်သွားပြီ။ အဲဒါ ဒါကိုအလျဉ်းသင့်လို့ ကျွန်တော်တို့ ကိုယ်စားလှယ်တွေကို ပထမဆုံး ဘတ်ဂျက်ကိုစပြီးတော့ ဆောင်ရွက်ခွင့်ရလိုက်တဲ့အခါမှာ လွှတ်တော် လည်းနားရော ဒါတွေ ကျွန်တော့်ဆီရောက်ပြီ။ ဒါ အခု ကျွန်တော် အလျဉ်းသင့်လို့ပြောတာ။ နောက်ကို ကျွန်တော်တို့ဒါတွေ သင်ခန်းစာယူရမယ်။ အနည်းဆုံးတော့ ကိုယ့်မြို့နယ်နဲ့ ကိုယ့်တိုင်းဒေသကြီးနဲ့ ကိုယ့်ပြည်နယ်နဲ့ ဘတ်ဂျက်ကို ကိုယ်သေသေချာချာ လေး စူးစူးစိုက်စိုက် အာရုံစိုက်လေ့လာဖို့လိုတယ်။ ဖတ်ဖို့လိုတယ်။ ဒါတွေက ဖတ်ဖို့ပေးထားတာ၊ မှတ်ဖို့ပေးထားတာ။ တိုက်ဆိုင်ဖို့ပေးထားတာ။ အဲဒီလိုမဟုတ်ဘဲနဲ့ ယေဘုယျပဲကြည့်ပြီးတော့ ယေဘုယျနေပြီးတော့ ပြဋ္ဌာန်းလိုက်၊ ပြဋ္ဌာန်းပြီးလို့ ဥပဒေသုံးခုထွက်သွားပြီးတော့မှ ဒီလိုဖြစ်ပါတယ်၊ ဒီလိုဖြစ်ပါတယ် ဆိုလို့ကတော့ လက်လွန်သွားပြီ။ ဒါရိုးရိုးလေးပဲ။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ကိုယ်စားလှယ်တွေ ဒါကိုတော့ ပထမဆုံး သင်ခန်းစာရလိုက်ပြီ။ နောက်ကိုအထူးဂရုစိုက်ပါ။ နောက်မှလိုက်ပြီးတော့ ပြောနေလို့ မရတော့ဘူး။ ရတဲ့နည်းတော့ ကျွန်တော်တို့အကြံဉာဏ်ပေးလိုက်ပါတယ်။ ဒီလိုဆို ရတဲ့ဘတ်ဂျက်ကို ဒီဟာ အကျိုးမရှိဘူးဆို မလုပ်ရုံဘဲရှိတယ်။ ပြန်အပ် ဒါပဲရှိတယ်။ နောက်မှ အကျိုးရှိတဲ့နေရာအတွက် ပြန်ပြီးတော့ ပြည်နယ်/တိုင်းဒေသကြီးအစိုးရနဲ့ညှိပြီး ပြန်တင်။ ဒါပဲရှိတော့တယ်။ အဲဒါ ကျွန်တော်တို့ ကိုယ်စားလှယ်တွေ အစတုန်းကတော့ မလေ့လာလို့လား၊ မဖတ်မိလို့လားမသိဘူး။ ပြီးသွားပြီ။ ဥပဒေကြီးကလည်းထွက်သွားပြီ။ လွှတ်တော်လည်းနားပြီ။ ကိုယ့်ဒေသပြန်ရောက်ပြီဆိုတော့မှ အဲဒါတွေ လာလိုက်ကြတယ်ဆိုတာ တစ်မျိုးပြီးတစ်မျိုး။ အဲဒါမျိုးတွေတော့ ကျွန်တော်တို့ ကိုယ်စားလှယ်တွေ ဂရုစိုက်ပါ။ ဒါမျိုးတွေတော့ နောက်ကို မဖြစ်ပါစေနဲ့။

**မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မူလွန်ကျောင်းများ၊ အ.လ.က(ခွဲ)များ၊ အ.ထ.က(ခွဲ)များ၌ ကျောင်းဆရာ၊ ဆရာမဝန်ထမ်းများ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၌ အလုံအလောက်ခန့်ထားပေးရန် စီစဉ်ထားခြင်း ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမင်းသိန်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးကို ရွှင်လန်းချမ်းမြေ့ပါစေလို့ ဆုမွန်ကောင်းပို့သအပ်ပါတယ်။ ကျွန်တော် ကတော့ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်

သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်းလိုတဲ့မေးခွန်းကတော့ မကြာမီဖွင့်လှစ်တော့မယ့် အခြေခံပညာ ထက်၊ လယ်၊ မူကျောင်းတွေနဲ့ အထူးသဖြင့် မူ(ခွဲ)ကျောင်း၊ မူလွန်ကျောင်း၊ လခွဲကျောင်း၊ အထက်တန်း ကျောင်းခွဲတွေမှာ လိုအပ်နေတဲ့ ဆရာဆရာမများကို လုံလောက်စွာခန့်ထားရေးမည်ကဲ့သို့စီစဉ်ထားပါ သလဲဆိုတဲ့မေးခွန်းဖြစ်ပါတယ်။ ဒီလိုမေးခွန်းမေးမြန်းရခြင်းရဲ့အကြောင်းအရင်းကို ဖော်ပြပါမယ်။ မကြာမီဝင်ရောက်လာတော့မယ့် မုန်သုန်မိုးဦးနှင့်အတူ မြန်မာတစ်ဝန်းလုံးက အခြေခံပညာကျောင်း အသီးသီးလည်း ဖွင့်လှစ်တော့မှာဖြစ်ပါတယ်။ ကျောင်းဝတ်စုံအဖြူအစိမ်းကလေးများနှင့် ကျောင်း တက်လာကြတဲ့ ကျောင်းသားကျောင်းသူလေးတွေ လှုပ်ရှားသွားလာနေတဲ့မြင်ကွင်းဟာ ပညာပျိုးခင်း လေးထဲမှာ ကောက်ပင်ပျိုလေးများ ညိမ်းနွဲ့နေသလိုပါပဲ။ ဒီပျိုးခင်း၊ ဒီပန်းခင်းလေးတွေ ပိုမိုကြီးထွား လာရအောင် ရေလောင်းပေါင်းသင်ပေးရမယ့်သူဟာ ဆရာဆရာမဥယျာဉ်မှူးများဖြစ်ပါတယ်။ ဒါပေမယ့် အထက်ဖော်ပြခဲ့တဲ့ ကျောင်းအသီးသီးမှာ ဆရာဆရာမလိုအပ်ချက်တွေ ရှိနေခဲ့တယ်။ ရှိနေ ဆဲဖြစ်တယ်ဆိုတာ လွှတ်တော်နားရက် မဲဆန္ဒနယ်မြေများကိုဆင်းခဲ့တဲ့အခါမှာ ပြည်သူတွေကြားက အသံကို နားနဲ့မဆုံအောင်ကြားခဲ့ရပါတယ်။ မူလတန်းကျောင်း၊ မူ(ခွဲ)ကျောင်း၊ အလယ်တန်းကျောင်း၊ မူလွန်ကျောင်း၊ အလယ်တန်းကျောင်းခွဲ၊ အထက်တန်းကျောင်းခွဲစသည့် ကျောင်းအမျိုးမျိုး၊ ကျေးရွာ အသီးသီးမှာ ဖွင့်လှစ်ပေးခဲ့တာကို ကျွန်တော်တို့ ကျေးဇူးတင်ပါတယ်။ ကျောင်းတစ်ကျောင်းဖွင့်လှစ် ပေးတယ်ဆိုတာဟာ သင်ပုန်းတစ်ချပ်၊ မြေဖြူတစ်ပုံး၊ စားပွဲတစ်လုံးတည်းနဲ့ရှိရုံလေးနဲ့ မလုံလောက်ပါ ဘူး။ အဓိကကျတာကတော့ ဆရာဆရာမ ပြည့်ပြည့်စုံစုံလုံလုံလောက်လောက်ရှိနေဖို့ပါပဲ။ ဆရာနှင့် ကျောင်းသားအချိုးကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ တိုင်းတာနေရင်တော့ ယေဘုယျဆန်လွန်းတဲ့ ကိန်းဂဏန်းကိုပဲရမှာပါ။ မြို့ကြီးပြကြီးကကျောင်းတွေမှာ ဆရာနှင့်တန်းခွဲ၊ ကျောင်းသားအချိုးမျှတ နေပေမဲ့ ကျေးလက်တောရွာတွေမှာတော့ ကျောင်းသား နောက်ပြီးတန်းခွဲ ဆရာဆရာမမညီမမျှဖြစ်နေ ပါတယ်။ ကျောင်းတွေကိုတော့ တိုးချဲ့ဖွင့်လှစ်ပေးပါရဲ့ ဆရာဆရာမကမပြည့်စုံတော့ ပေးကားပေး၏ မရ၊ ကျွေးကားကျွေး၏မဝ ဆိုတာမျိုးဖြစ်နေပါတယ်။ ဒီလိုဆရာဆရာမလိုအပ်ချက်ပြဿနာကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာတဲ့ပြဿနာကတော့ လုပ်အားပေးဆရာဆရာမပြဿနာပါ။ ကျောင်းဆရာ မလုံလောက်မှုကြောင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ရတဲ့ဘွဲ့ရအလုပ်လက်မဲ့လေးတွေနဲ့ တက္ကသိုလ်ဝင်တန်းအောင်မြင်ထားတဲ့ ကျောင်းသူကျောင်းသားလေးတွေကို ငွေကျပ်လေးငါးသောင်း မုန့်ဖိုး၊ ပဲဖိုးလေးပေးပြီးတော့ မူလတန်းကျောင်းခွဲတွေမှာ၊ မူလွန်ကျောင်းတွေမှာ သင်ကြားစေခဲ့ရတာ တာကို လွှတ်တော်ကိုယ်စားလှယ်တိုင်း သိကြပါတယ်။ တစ်နေ့နေ့မှာ အစိုးရခန့်ဆရာဆရာမများ

**မူကြမ်း**

ဖြစ်လာလိမ့်မလားဆိုတဲ့ မျှော်လင့်ချက်ရောင်ခြည်လေးတွေ သူတို့မှာရှိခဲ့ကြပါတယ်။ ဆရာလိုအပ်ချက်တွေများပြားလာရာကနေပြီးတော့ ဒီလုပ်အားပေးဆရာဆရာမပြဿနာတွေ ပေါ်ပေါက်လာရတာပါ။ ပြီးခဲ့တဲ့ စာသင်နှစ်က ဆရာလိုအပ်ချက်ပြဿနာကို နေ့စားလပေးဆရာခန့်ထားခြင်း၊ ကန်ထရိုက်ဆရာလို့ခေါ်တဲ့ ပညာရေးသမိုင်းမှာ ဘယ်တုန်းကမှ မကြားဖူးတဲ့ ဆရာဆရာမပုံစံတွေနဲ့ ခန့်ထားခြင်းမျိုးတွေနဲ့ဖြေရှင်းခဲ့ရပါတယ်။ နေ့စားလပေးဆရာဆရာမခန့်ထားရေးမှာလည်းပဲ ဆရာဆရာမလိုအပ်ချက်တွေကြောင့် နှစ်ပေါင်းများစွာလုပ်အားပေးခဲ့ရတဲ့ ဆရာဆရာမလေးများဟာ အသက်ကန့်သတ်ချက်တွေကျော်လွန်သွားပြီး ရေးဖြေစာမေးပွဲတွေမှာလည်း မအောင်မမြင်ဖြစ်ခဲ့ရတာဖြစ်ရပါတယ်။ သူတို့ရဲ့ အနစ်နာခံလုပ်အားပေးခဲ့ရတာလေးတွေဟာ အကျိုးမဲ့ဖြစ်ခဲ့ရပါတယ်။ သူတို့ရဲ့ဘဝဟာ မြစ်အတွင်းမှာ မျောလာတဲ့ဆင်သေကောင်ကြီးကိုစီးလာရင်း ပင်လယ်ထဲရောက်သွားတဲ့ ကျီးမိုက်ကလေးတွေလိုဖြစ်နေရပါတယ်။

ဒီအကြောင်းများကြောင့် လာမယ့်စာသင်နှစ်မှာ မူလွန်ကျောင်း၊ မူလတန်းကျောင်းခွဲ၊ အထက်တန်းကျောင်းခွဲစတဲ့ ကျောင်းများမှာ ဆရာအလုံအလောက်ခန့်ထားပေးရေးနဲ့ တင်ပြခဲ့တဲ့ လုပ်အားပေးဆရာဆရာမလေးများရဲ့ဘဝကို ဘယ်လိုကုစားပေးမလဲဆိုတဲ့ အစီအစဉ်များကို လွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား၊ ထို့နောက် ပညာရေးဝန်ထမ်းများရဲ့ကိုယ်စား အားလုံးကို မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်းရဲ့ မြန်မာတစ်နိုင်ငံလုံးမှာ မူလတန်းလွန်ကျောင်းများ၊ အ.လ.က(ခွဲ)များ၊ အ.ထ.က(ခွဲ)များ၌ ကျောင်းဆရာဆရာမဝန်ထမ်းများ လာမည့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၌ အလုံအလောက်ခန့်ထားပေးရန် မည်ကဲ့သို့စီစဉ်ထားခြင်းရှိ/မရှိကိစ္စနှင့်စပ်လျဉ်းသည့်မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုဖို့တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနမှာ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ ကျောင်းသားကျောင်းသူတွေအနေနဲ့ အထက်တန်းအဆင့်မှာ ၉၂၀၀၀၀ ကျော်၊ အလယ်တန်းအဆင့်မှာ ၂.၈ သန်း၊ မူလတန်းအဆင့်မှာ ၅.၁ သန်း စုစုပေါင်း ၈.၉ သန်းရှိပါတယ်။ ၈.၉ သန်းဆိုတာသည် မတ်လရဲ့စာရင်းဖြစ်ပါတယ်။ မတ်လရဲ့စာရင်းသည် ကျောင်းသားကျောင်းသူဦးရေကိုစာရင်းကောက်ရင်တော့ ဇူလိုင်တစ်ခါကောက်တယ်။ ဒီဇင်ဘာမှာတစ်ခါကောက်တယ်။ ပြီးရင် မတ်လမှာ တစ်ခါကောက်ပါတယ်။ အဲဒီအခါမှာ ဒီဇင်ဘာရဲ့စာရင်းကတော့ စာရင်းအနေနဲ့ အများဆုံးဖြစ်ပါတယ်။ ဒီဇင်ဘာစာရင်းမှာတော့ ကျောင်းသားကျောင်းသူဦးရေစုစုပေါင်း ၉ သန်းရှိကြောင်း တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ မတ်လမှာ ၈.၉ သန်းရှိတာသည် ကျောင်းသားကျောင်းသူတစ်သိန်းကတော့ ကျောင်းတက်နေရင်းနဲ့ ကျောင်းထွက်သွားတယ်ဆိုတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ အရင်နှစ်တွေနဲ့နှိုင်းယှဉ်လို့ရှိရင်တော့ ပုံမှန်ဆိုရင်တော့ ဒီဇင်ဘာနှင့် မတ်လရဲ့ ကျောင်းသားဦးရေစာရင်းသည် နှစ်သိန်းလောက်ကွာခြားတာကို တွေ့ရတဲ့အတွက်ကြောင့်မို့လို့ ဒီနှစ်မှာတော့ တစ်သိန်းလောက်ပဲကွာခြားတော့တာကို တွေ့ရှိရပါတယ်။ ဆရာဆရာမတွေအနေနဲ့လည်းပဲ အထက်တန်းအဆင့်မှာ ၄၁၀၀၀ ကျော်၊ အလယ်တန်းအဆင့်မှာ ၁၀၀၀၀၀ ကျော်၊ မူလတန်းအဆင့်မှာတော့ ၂၂၀၀၀၀ ကျော် ပညာသင်ကြားနေပါတယ်။

ဒါကြောင့်မို့လို့ အထက်တန်း၊ အလယ်တန်း၊ မူလတန်းဆရာဆရာမဦးရေစုစုပေါင်း ၃၇၀၀၀၀ ကျော်ရှိကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိခန့်ထားတဲ့ ဆရာနှင့်ကျောင်းသားအချိုးကိုကြည့်ရင်တော့ အထက်တန်းအဆင့်မှာ ၁း၂၂ ဖြစ်ပါတယ်။ အလယ်တန်းအဆင့်မှာတော့ ၁း၂၈ လောလောဆယ် ကျောင်းသားဦးရေနှင့်ဆရာဦးရေမှာ မူလတန်းပြီးသွားလို့ရှိရင် အလယ်တန်းကို ဆက်လက်ပညာသင်ယူကြတဲ့အတွက် အလယ်တန်းကျောင်းသားဦးရေ မနှစ်ကစပြီးတော့ များပြားလာတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ဆရာဆရာမနှင့်ကျောင်းသားဦးရေအချိုးမှာတော့ အလယ်တန်းအဆင့်မှာ များပြားနေကြောင်း တင်ပြလိုပါတယ်။ မူလတန်းအဆင့်မှာတော့ ဆရာကျောင်းသားအချိုး ၁း၂၄ ရှိပါတယ်။ ဒါကြောင့်မို့လို့ တစ်နိုင်ငံလုံးခန့်ထားတဲ့ ပျမ်းမျှကိုကြည့်မယ်ဆိုလို့ရှိရင်တော့ ဆရာနှင့် ကျောင်းသားအချိုး ၁း၂၅ ဖြစ်ပါတယ်ခင်ဗျား။ ၁း၂၄ မဟုတ်ပါဘူး။ ၂၅ ဖြစ်ကြောင်းတင်ပြလိုပါတယ်။

ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ တစ်နိုင်ငံလုံးမှာရှိတဲ့ ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာရေးကို ဆုံးခန်းတိုင်အောင် ပညာသင်ယူတတ်မြောက်ရေးကို အလေးထားပြီး

အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ကျောင်းပေါင်း ၄၆၀၀၆ ကျောင်းကိုလည်း ပြန်ကြည့်ရင် ၁၀၀ ဦးရေအောက်ကျောင်းသည် မြန်မာနိုင်ငံမှာ ကျေးလက်နှင့်ဝေးလံဒေသတွေမှာ ရှိတဲ့အတွက်ကြောင့်မို့လို့ ၁၀၀ ဦးရေအောက်ကျောင်းတွေသည် စုစုပေါင်း ကျောင်းပေါင်း ၂၀၀၀၀ ကျော်နေကြောင်း ကျွန်တော် လေးစားစွာတင်ပြလိုပါတယ်။

ဒါကြောင့်မို့လို့ အရင်တုန်းကတော့ မှန်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတင်ပြသလို အရင်တုန်းက မြို့ပေါ်မှာဆရာတွေများနေတယ်။ နယ်မှာဆရာနည်းနေပါတယ်။ အခု ကျွန်တော်တို့ ကျေးလက်နှင့်ဝေးလံဒေသတွေမှာ ဆရာတွေပြည့်မီအောင် ဖြည့်းဆည်းခန့်ထားတဲ့အတွက် ကျေးလက်နှင့်ဝေးလံဒေသတွေသည် ကျောင်းသားဦးရေနည်းပါးတဲ့ကျောင်းတွေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုလောလောဆယ်ဆယ်အခြေအနေမှာတော့ ကျွန်တော်တို့ပညာရေးဝန်ကြီးဌာနမှာ ကျေးလက်နှင့်ဝေးလံတဲ့ဒေသတွေမှာ ကျောင်းသားဆရာအချိုး ပိုမိုကောင်းမွန်နေပြီးတော့ မြို့ပေါ်တွေမှာတော့ ယနေ့ ဆရာတွေ ပိုမိုပြီးတော့ လိုအပ်နေတယ်ဆိုတာလေးကို ကျွန်တော်တင်ပြလိုပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ သင်ယူမှုအခွင့်အလမ်းပိုမိုရရှိစေရေးအတွက်လည်း ကျွန်တော်တို့ ကျောင်းအဆင့်တွေတိုးမြှင့်တယ်။ ကျောင်းအဆင့်တွေတိုးမြှင့်ပေးသလို တစ်ပြိုင်တည်းလိုအပ်တဲ့ ဆရာဆရာမတွေကိုလည်း ခန့်ထားပေးဖို့အတွက်ကိုလည်း ဆောင်ရွက်ရပါတယ်။ ဒီလိုပဲ လိုအပ်နေတဲ့ သင်ထောက်ကူပစ္စည်းတွေကိုလည်း ဖြည့်ဆည်းပေးဖို့အတွက်ဆောင်ရွက်တဲ့အခါမှာတော့ ဘဏ္ဍာငွေ ခုနတုန်းက Slide လေးခင်ဗျား။ ကျော်သွားလို့ပါ။ ကျွန်တော်တို့လိုအပ်နေတဲ့သင်ထောက်ကူပစ္စည်းတွေကိုလည်း ဘဏ္ဍာငွေအပေါ်မှာမူတည်ပြီးတော့ အချိုးကျဖြည့်ဆည်းဆောင်ရွက်ပေးရတာဖြစ်ပါတယ်။

ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာတော့ ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာပိုမိုသင်ယူခွင့် ရရှိဖို့လို့အတွက်ရည်ရွယ်ပြီးတော့ အခြေခံပညာမူလတန်းလွန်ကျောင်းတွေမှာ အလယ်တန်းပြတွေ သုံးဦးနှုန်း၊ အလယ်တန်းကျောင်းခွဲတွေမှာ အလယ်တန်းပြ ငါးဦးနှုန်း၊ အထက်တန်းကျောင်းခွဲနဲ့ အထက်တန်းတွေမှာ ခုနစ်ဦးနှုန်းဖြည့်စွက်ခန့်ထားလိုပါတယ်။ သို့သော် ခန့်ထားလိုတိုင်းခန့်ထားလို့မရပါဘူး။ ခွင့်ပြုမိန့်ရရှိဖို့ကို ကျွန်တော်တို့ လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့်သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ အဖွဲ့အစည်းတွေ၊ ဌာနတွေကို ခွင့်ပြုချက်ရရှိဖို့အတွက် ကျွန်တော်တို့ စီစဉ်ဆောင်ရွက်ရပါတယ်။ အဲဒီလို ခွင့်ပြုချက်ရရှိပြီးရင်လည်း ချက်ချင်း

ခန့်လို့မရပါဘူး။ ဘဏ္ဍာငွေတင်ပြတောင်းခံရပါတယ်။ ဘဏ္ဍာငွေရရှိပြီးမှသာလျှင် လိုအပ်တဲ့ ဆရာဆရာမတွေကို အရည်အချင်းပြည့်မီမှသာ ဆရာဆရာမတွေကို စိစစ်ရွေးချယ်ပြီး လိုအပ်တဲ့ ဆရာ အတတ်ပညာသင်တန်းတွေပေးပြီး ပြည့်မီစွာဖြည့်စွက်ခန့်ထားပေးလိုကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ဆရာဆရာမဆိုတာသည် ပညာရေးအရည်အသွေးမြင့်မားဖို့လို့အတွက်မှာ အရေး အင်မတန်ကြီးပါတယ်။ မှန်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတင်ပြသလိုပါပဲ။ ပညာရေး အရည်အသွေးမြင့်ဖို့သည် ဆရာဆရာမရဲ့အရည်အသွေးပေါ်မှာမူတည်တဲ့အတွက် ပညာရေးဝန်ကြီး ဌာနအနေနဲ့ကတော့ အရည်အချင်းပြည့်မီတဲ့ဆရာဆရာမတွေကိုပဲ စိစစ်ရွေးချယ်ခန့်ထားလိုပါ ကြောင်းနှင့် ဒီလိုခန့်ထားဖို့လို့အတွက်ကိုလည်း ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ်မှာမူတည်ပြီးတော့ ဆရာခန့်ထားနိုင်မှုအခြေအနေအရလည်းကောင်း စနစ်တကျအကောင်အထည်ဖော်နိုင်ရေး ပူးပေါင်း ပြီးတော့မှ ဦးတည်၍ ဆက်လက်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမင်းသိန်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ ကျွန်တော်ခုနက မေးသွားတဲ့အထဲမှာ ပါရှိအပ်ပါတယ်။ ကျွန်တော်တို့ နယ်တွေမှာ ဘယ်နယ်ကိုပဲမေးလိုက်မေးလိုက်ပါ။ နေ့စားလပေး ဆရာဆရာမခန့်ထားရေးတွေမှာ လုပ်အားပေးခဲ့တဲ့ ဆရာဆရာမလေးတွေဟာ အကြောင်းအမျိုးမျိုး ကြောင့် စာမေးပွဲမဖြေနိုင်ခြင်း၊ နောက်ပြီးတော့ ရှင်းရှင်းပြောလို့ရှိရင် လာဘ်ပေးလာဘ်ယူ၊ အဂတိများ လိုက်စားခြင်းတို့ကြောင့် အချို့အချို့သော ဆရာဆရာမလေးများ ပါဝင်သွားခဲ့ခြင်းမရှိခဲ့ပါဘူး။ ပြီးခဲ့တဲ့နှစ်က။ အချို့အချို့ဆိုလို့ရှိရင် MSc ဘွဲ့တွေရထားတဲ့သူတွေတောင်ပါပါတယ်။ နေ့စားလပေး မှာမပါဝင်ခဲ့သော လုပ်အားပေးနေခဲ့သော ငါးနှစ်ခန့်ရှိ လုပ်အားပေးနေခဲ့သောသူများလည်း ပါပါ တယ်။ ထိုကဲ့သို့သော နှစ်ရှည်လများ ဆရာလိုအပ်ချက်ကို မိမိတို့ဝါသနာအရ ဖြည့်စွမ်းပေးနေသော ဆရာဆရာမ လုပ်အားပေးဆရာဆရာမလေးများအတွက်ကိုကော မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးထား ပါသလဲဆိုတာကို ထပ်ဆင့်မေးခွန်းအဖြစ်နဲ့ မေးမြန်းခြင်းပါတယ်ခင်ဗျား။ မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမေးမြန်းလာတာ အထူးကျေးဇူးတင်ရှိပါတယ်။ ပညာရေးဝန်ကြီး

ဌာနအနေနဲ့ ပညာရေးအရည်အသွေးမြင့်မားဖို့လို့အတွက် အကောင်အထည်ဖော်ဦးတည်ဆောင်ရွက်တဲ့အခါမှာ အရည်အချင်းပြည့်မီသော ဆရာဆရာမများကိုသာ စိစစ်ရွေးချယ်ဆောင်ရွက်သွားလိုပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

**ယင်းမာပင်မြို့နယ်၊ ညောင်တန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင်(၁၂၀ ပေ x ၃၀ ပေ x ၁၅ ပေ)တစ်ထပ်အုတ်ညှပ်ကျောင်းဆောင် ဆောက်လုပ်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ယင်းမာပင်မဲဆန္ဒနယ်မှ ဦးအောင်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်စိုး(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းမယ့်မေးခွန်းကတော့ ယင်းမာပင်မြို့နယ်၊ ညောင်တန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွက် အမှန်တကယ်လိုအပ်နေတဲ့ (၁၂၀ ပေ x ၃၀ ပေ x ၁၅ ပေ)တစ်ထပ်အုတ်ညှပ်ကျောင်းဆောင် ဆောက်လုပ်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိ သိရှိလိုတဲ့မေးခွန်းပဲဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ယင်းမာပင်မြို့နယ် ညောင်တန်းကျေးရွာမှာ ယခင်ယင်းမာပင်မြို့နယ်၊ ယမောင်တိုင် ကျေးရွာအုပ်စု၊ ညောင်တန်းကျေးရွာ တွဲဖက်အခြေခံပညာမူလတန်းကျောင်း ဖွင့်လှစ်ခွင့်ရရှိခဲ့စဉ်က ယာယီကျောင်းဆောင်အဖြစ် (၆၀ x ၃၀) ထန်းလျက်မိုး၊ ကတ်ကာအဆောက်အဦကို ကျေးရွာပြည်သူများထည့်ဝင်ငွေဖြင့် ကိုယ်ထူကိုယ်ထ ဆောက်လုပ်ခဲ့ပြီးကျောင်းသားများကို စာသင်ကြားခဲ့ရပါတယ်။ အဆိုပါကျောင်းဆောင်ဟာ အခုတင်ဆက်တဲ့အမှုတွဲမှာပါရှိတဲ့ ဓာတ်ပုံပါအတိုင်းပဲ ဥပဓိရုပ်လုံးဝမကောင်းတဲ့ အဆောက်အဦဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အခုအခါမှာ ညောင်တန်းကျေးရွာ တွဲဖက်အခြေခံမူလတန်းကျောင်းအဆင့်မှ အခြေခံပညာမူလတန်းကျောင်းအဖြစ် ဖွင့်လှစ်ခွင့်ရရှိပြီးဖြစ်တဲ့အတွက် ကျေးရွာမိဘပြည်သူများအနေနဲ့ အခုအမှုတွဲဓာတ်ပုံပါအတိုင်း ကိုယ်ထူကိုယ်ထငွေများနှင့် ပေ ၁၂၀ x ပေ ၃၀ x ၁၅ ပေ ကွန်ကရစ်တိုင် သွပ်မိုးအဆင့်အထိ ကျောင်းဆောင်အဆောက်အဦကို ဆောက်လုပ်ထူမတ်ပြီးစီးနေပြီ ဖြစ်ပါတယ်။ အခုလက်ရှိအချိန်မှာ ကျေးရွာနေမိဘပြည်သူများအနေနဲ့ကတော့ ကိုယ်ထူကိုယ်ထ ဆောက်လက်စကျောင်းဆောင်ကြီးကို

အပြီးသတ်ဆက်လက်ဆောက်လုပ်ရန် ငွေများထည့်ဝင်နိုင်စွမ်းမရှိကြတော့ပါသဖြင့် နိုင်ငံတော်မှ ကျောင်းအဆောက်အဦအတွက် အပြီးသတ်ဆောက်လုပ်နိုင်ရန် ငွေများချထားခွင့်ပြုပါရန် အရေးတကြီး တောင်းခံရခြင်း ဖြစ်ပါတယ်။ အခုအခြေအနေမှာ အဆိုပါကျောင်းရဲ့ကျောင်းအဆောက်အဦမှာ အမှုတွဲဓာတ်ပုံပါ ဖော်ပြထားတဲ့အတိုင်းပဲ ကွန်ကရစ်တိုင်နဲ့သွပ်မိုးသာရှိပြီးတော့ အကာအရံလုံးဝမရှိ ပါသဖြင့် ကျောင်းသူကျောင်းသားများအတွက် အခုလို မိုးတွင်းအခါမှာတော့ စာသင်ကြားရေး လုံးဝ အခက်အခဲရှိနေပါတယ်။ အရင်ကျောင်းအဆောက်အဦဖြစ်တဲ့ ထန်းလျက်မိုး၊ ကတ်ကာ ကျောင်းဆောင်ကလည်း ယခုမိုးရာသီမှာ ကျောင်းသားများ စာသင်ကြားရန်လုံးဝမဖြစ်နိုင်တော့တဲ့ အခြေအနေကိုရောက်ရှိနေကြောင်း အလေးအနက်ထား တင်ပြလိုပါတယ်။ ညောင်တန်း အ.မ.က အတွက် ယခင်ကလည်း နိုင်ငံတော်အစိုးရထံမှ ဘဏ္ဍာငွေကြေးတောင်းခံခြင်း၊ ခွင့်ပြုခဲ့ခြင်း လုံးဝမရှိခဲ့ ပါဘူး။ သက်ဆိုင်ရာပညာရေးဌာနနဲ့ တာဝန်ရှိသူတို့ရဲ့ထောက်ခံစာတွေ၊ ကျောင်းနဲ့ပတ်သက်တဲ့ အထောက်အထားအချက်အလက်တွေ၊ ဓာတ်ပုံတွေကို အခုလွှတ်တော်သို့တောင်းခံတဲ့အမှုတွဲမှာ အပြည့်အစုံကို ပူးတွဲတင်ပြထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယင်းမာပင်မြို့နယ် ညောင်တန်း ကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွက် အမှန်လိုအပ်လျက်ရှိတဲ့ ၁၂၀ x ၃၀ x ၁၅ ပေ အုတ်ညှပ်အထပ်ဆောင် ဆောက်လုပ်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိ ဒေသခံများရဲ့ကိုယ်စား ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်စိုးရဲ့မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုဖို့ လေးစားစွာတင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်းရန်ပုံငွေနဲ့ ကျောင်းဆောင်တွေဆောက်လုပ်ပေးဖို့အတွက် ယင်းမာပင်မြို့နယ်အတွက် ငွေကျပ် ၄၃၃ သန်း ခွဲဝေပေးဖို့အတွက် ခွင့်ပြုရန်ပုံငွေရရှိတဲ့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနကို ကျွန်တော်တို့ အပ်နှံပြီးတော့ ဆောင်ရွက်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကတော့ လွှတ်တော်

ကိုယ်စားလှယ်ကြီးတင်ပြတဲ့ ညောင်တန်းရွာရဲ့ မူလတန်းကျောင်းဖြစ်ပါတယ်။ အဲဒီမှာ ၁၂၀ x ၃၀ ပေရှိတဲ့ကျောင်းမို့လို့ ဒါသည် စာသင်ခန်းဧရိယာ ၂၈၀၀ စတုရန်းပေရှိပါတယ်။ ကျောင်းသား/ ကျောင်းသူ မူလတန်းမှာ ၅၄ ဦး ပဲသင်ယူနေပါတယ်။ မှန်ပါတယ် အကာမရှိပါဘူး။ သို့သော် အဆောက်အဦအနေနဲ့ ယာယီဆောင်အနေနဲ့ ခိုင်ခိုင်ခံ့ခံ့နဲ့ အမိုးတွေရှိပါတယ်။ ကျောင်းသား/ ကျောင်းသူ ၅၄ ဦးပဲရှိတဲ့အတွက်ကြောင့်မို့လို့ စတုရန်းပေ ၆၄၈ ပေပဲ အသုံးပြုနေပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာတော့ အဲဒီတင်ပြထားတဲ့ သွပ်မိုးကတ်ကာတစ်ထပ်ယာယီဆောင်လေးကို အပြီးသတ်ဆောက်လုပ်ဖို့ဆိုပြီးတော့ ပြတင်းတံခါးတွေ၊ အကာအခင်း၊ မျက်နှာကြက်၊ အချောကိုင်နဲ့ ဆေးသုတ်ဖို့ဆိုပြီး ခန့်မှန်းကုန်ကျငွေ ၄၃၂ သိန်း ကျွန်တော်တို့ တွက်ချက်တင်ပြတောင်းခံထားတာကို စိစစ်တွေ့ရှိပါတယ်။ အဲဒီတောင်းခံတဲ့ ငွေပမာဏဟာ အသစ်ဆောက်လုပ်ပေးရမည့် ရန်ပုံငွေ ပမာဏနှင့် ညီမျှနေတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ပညာဝန်ကြီးဌာနအနေနဲ့ လုပ်ထုံးလုပ်နည်း အရ ရန်ပုံငွေခွဲဝေချထားပေးလို့ မရရှိဘူးဆိုတာကို လေးစားစွာတင်ပြလိုပါတယ်။ သို့သော် အခု ကြည့်လိုက်မယ်ဆိုရင်တော့ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသလိုပဲ ဒီကျောင်းသည် အမှန်တကယ် ဒီကလေးတွေအတွက် အကာ၊ ပြတင်းတံခါး၊ မျက်နှာကြက်၊ အချောကိုင်ဖို့နဲ့ ဆေးသုတ်ဖို့အတွက်တွေ အမှန်တကယ်လိုအပ်နေတာ ဖြစ်ပါတယ်။ ဒါကိုတော့ အပြီးသတ်ဆောက်လုပ် ဖို့အတွက်ကိုတော့ ပညာရေးဝန်ကြီးဌာနကအနေနဲ့ အလေးအနက်ထားပြီး ရှိတဲ့ပြုပြင်ထိန်းသိမ်းရေး၊ ဘဏ္ဍာရေးရန်ပုံငွေ ကို ပြန်လည်စိစစ်ပြီးတော့မှ ကျွန်တော်တို့အနေနဲ့ ဒါကို အတတ်နိုင်ဆုံးစဉ်းစားပြီးတော့ ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၄ နည်းဥပဒေခွဲ(ဃ)ကို အားလုံးသဲကွဲအောင် ကျွန်တော်ဖတ်ပြပါမယ်။ ဖြေကြားသောအဖြေကို ရှင်းလင်း စေရန်အလို့ငှာ တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးမြန်းနိုင်သည်။ ထိုသို့မေးမြန်းရာတွင် မေးမြန်းချိန် သုံးမိနစ်ထက်မပိုစေရ။ သို့ရာတွင် ယင်းမေးခွန်းသည် ဤနည်းဥပဒေများနှင့်ဆန့်ကျင်လျှင် ဥက္ကဋ္ဌက ခွင့်မပြုရ။ ဒီလိုပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်မနေ့ကလည်း ပြောပါတယ်။ တစ်ဆက်တစ်စပ်တည်းကိုမေးပါ။ ထပ်ဆင့်ကိုမမေးပါနဲ့။ ပြောထားပါမယ်။ တစ်ဆက် တစ်စပ်တည်းမှာ အကျုံးဝင်ရင် ကျွန်တော် သုံးမိနစ်ထပ်ပေးမယ်။ တစ်ဆက်တစ်စပ်တည်းမှာ အကျုံးမဝင်ဘူး။ ထပ်ဆင့် မေးတယ်ဆိုရင် နည်းဥပဒေမှာပြဋ္ဌာန်းချက်အတိုင်း ဥက္ကဋ္ဌကခွင့်မပြုရဆိုတဲ့အတိုင်း ကျွန်တော်ခွင့်ပြုမှာ မဟုတ်ဘူး။ ဒါကို ကျွန်တော်တို့ကိုယ်စားလှယ်တွေအားလုံးကို အသိပေးထားပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။ မေးခွန်းများဖြေကြားပြီးတဲ့ ပညာရေးဝန်ကြီးဌာနဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဒေါက်တာအောင်ခင်၊ ပြင်ဦးလွင်မဲဆန္ဒနယ်က တောတောင်ထူထပ်သော ဒေသများ၌သစ်တောပြုန်းတီးမှုများကြောင့် ၂၀၁၅၊ ၂၀၁၆ ခုနှစ်များတွင် မြန်မာနိုင်ငံမှာ အပြင်းထန်ဆုံးသော ရာသီဥတုနှင့် ရင်ဆိုင်ခဲ့ကြရ၍ နိုင်ငံတကာရာသီဥတုဘေးအန္တရာယ် အညွှန်းကိန်းတွင် နိုင်ငံပေါင်း (၁၈၇)နိုင်ငံအနက် မြန်မာနိုင်ငံသည် အဆင့်(၂)တွင်ရှိပြီး နိုင်ငံနှင့်အဝန်း သစ်တော်စောင့်ရှောက်မှုနှုန်း တိုးမြှင့်ဆောင်ရွက်လျက် နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ ပြင်ဦးလွင်မြို့များတွင် Green Land စီမံကိန်းများ အမြန်ဆုံးစနစ်တကျ အကောင်အထည်ဖော်ဆောင်ပါရန်နှင့် အခြားဒေသများတွင်လည်း နှစ်အလိုက်စီမံကိန်းများ တိုးချဲ့ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်က အဆိုတစ်ရပ် တင်သွင်းထားပါတယ်။ ဒေါက်တာအောင်ခင်အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဒေါက်တာအောင်ခင်(ပြင်ဦးလွင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ပြင်ဦးလွင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာအောင်ခင် ဖြစ်ပါတယ်။ ကျွန်တော်တင်သွင်းမယ့်အဆိုကတော့ တောတောင် ထူထပ်သောဒေသများ၌ သစ်တောပြုန်းတီးမှုများကြောင့် ၂၀၁၅၊ ၂၀၁၆ ခုနှစ်များတွင် မြန်မာနိုင်ငံမှာ အပြင်းထန်ဆုံးသော ရာသီဥတုနှင့် ရင်ဆိုင်ခဲ့ကြရ၍ နိုင်ငံတကာရာသီဥတုဘေးအန္တရာယ်အညွှန်းကိန်း တွင် နိုင်ငံပေါင်း(၁၈၇)နိုင်ငံအနက် မြန်မာနိုင်ငံသည် အဆင့်(၂)တွင် ရှိနေခြင်းကြောင့် နိုင်ငံနှင့်အဝန်း သစ်တောစောင့်ရှောက်မှုနှုန်း တိုးမြှင့်ဆောင်ရွက်လျက် နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ ပြင်ဦးလွင်မြို့များတွင် Green Land စီမံကိန်းများ အမြန်ဆုံးစနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန်နှင့် အခြားဒေသများတွင်လည်း နှစ်အလိုက်စီမံကိန်းများ တိုးချဲ့ဆောင်ရွက်ပေးပါ ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြရခြင်းဖြစ်ပါတယ်။ ဘာကြောင့်တင်ပြရသလဲဆိုတော့ မြန်မာနိုင်ငံဟာ တစ်ချိန်တုန်းက Myanmar Selection System လို့ခေါ်တဲ့ သစ်တောစီမံခန့်ခွဲမှုစနစ်ဖြင့် ထင်ပေါ်ကျော်ကြားခဲ့ပါတယ်။ ယနေ့ခေတ်အခါမှာတော့ အဆိုပါစနစ်ကောင်းများဟာ ပြိုကွဲနေရပြီဖြစ်ပါတယ်။ သစ်တောတွေ ပြုန်းတီးမှုကြောင့် ရာသီဥတု ပြောင်းလဲတာလည်း အတော်ပဲဆိုးနေပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ၂၀၁၄ ခုနှစ် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးစွမ်းဆောင်မှုအညွှန်းကိန်း (Environmental Performance Index) အရ ကမ္ဘာ့နိုင်ငံပေါင်း(၁၇၈)နိုင်ငံမှာ (၁၆၄)နိုင်ငံမှာ ရပ်တည်နေပါတယ်။ ဒါဟာဘာလဲဆို တော့ နိုင်ငံတော်ရဲ့သဘာဝသယံဇာတ ကာကွယ်စောင့်ရှောက်မှုများစွာကြိုးပမ်းရဦးမယ်ဆိုတာ ဖော်ပြ ခြင်း ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ သစ်တောပြုန်းတီးမှု တတိယအမြင့်မားဆုံးနိုင်ငံဟာလည်း မြန်မာနိုင်ငံ ဖြစ်ပါတယ်။ လက်ရှိအနေအထားအရ ပြောရမယ်ဆိုရင် အရှေ့တောင်အာရှဒေသနိုင်ငံများအနက် သစ်တောပြုန်းတီးမှု အများဆုံးနိုင်ငံဖြစ်နေခြင်းဟာ မြန်မာနိုင်ငံရဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း စောင့်ရှောက်ခြင်းဆိုင်ရာမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေနဲ့ ဥပဒေထိန်းကျောင်းမှုတို့၏အဆင့်ကို ထင်လင်း စွာပြသနေခြင်းဖြစ်ပါတယ်။ FAO ၏ စစ်တမ်းအရ ပြောရမယ်ဆိုရင် မြန်မာနိုင်ငံရဲ့သစ်တောဖုံးလွှမ်း မှုဟာ ၁၉၉၀ ခုနှစ်မှာ ၆၀ ရာခိုင်နှုန်းရှိရာမှ ၂၀၁၅ ခုနှစ်မှာ ၄၃ ရာခိုင်နှုန်းအထိ လျော့ကျခဲ့တာ တွေ့ရပါတယ်။ သစ်တောပြုန်းတီးမှုနှုန်းထားဟာ အတော်ပဲ ဆုံးရှုံးမှုတွေများလာတာ တွေ့ရပါတယ်။ ၂၀၁၅ ခုနှစ်ကာလအတွင်းမှာဆိုလို့ရှိရင် ၁.၇၃ ရာခိုင်နှုန်းအထိ တိုးမြင့်လာခဲ့တာတွေ့ရပါတယ်။ သစ်တောပြုန်းတီးမှုအကြောင်းရင်းကတော့ တရားဝင်နှင့် တရားမဝင်သစ်ထုတ်လုပ်မှု အလွန်အကျွံ

များခြင်း၊ ဥပမာပြောရမယ်ဆိုလို့ရှိရင် တရုတ်ပြည်မှာရောက်နေတဲ့သစ်တွေဟာ ၁၀ ရာခိုင်နှုန်းအထိ တရားဝင်ဖြစ်ပြီးတော့ ၉၀ ရာခိုင်နှုန်းသည် တရားမဝင်သစ်တွေလို့သိရပါတယ်။ ဒါတွေဟာလည်း ကျွန်တော်တို့ အတော်လေးစဉ်းစားရမယ့်ဟာဖြစ်ပါတယ်။ တောင်ယာမီးရှို့ခြင်း၊ စိုက်ပျိုးမြေ ချဲ့ထွင်ခြင်း၊ တောမီးလောင်ခြင်း၊ ပိုးမွှားကျခြင်း၊ မြေအောက်သယံဇာတတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ဆည်မြောင်း၊ တာတမံများ တည်ဆောက်ခြင်း၊ မြို့ပြတိုးချဲ့ခြင်းနှင့် သဘာဝ အန္တရာယ်များ ပါဝင်နေပါတယ်။

သစ်တောပြုန်းတီးမှုဖြစ်ပေါ်ရခြင်းအကြောင်းရင်းကို ဆန်းစစ် (Analyze) လိုက်လို့ရှိရင် (၁) နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် သစ်တောဆိုင်ရာစီမံခန့်ခွဲမှုအလွဲများကြောင့်၊ (၂) အဂတိ လိုက်စားမှုနှင့် (၃) သစ်တောအမှီပြုနေထိုင်တဲ့ လူဦးရေတိုးတက်မှုကိုလည်း ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။ မြို့နယ်များမှာလည်း ထင်းခွေတယ်။ မီးသွေး ဖုတ်တယ်။ ထုံးဖိုအတွက် ထင်းတွေ၊ သစ်ပင်တွေခုတ်တယ်။ စိုက်ပျိုးမြေအတွက် သစ်ပင်တွေခုတ်လှဲတယ် စတာတွေကလည်း သစ်တော ပြုန်းတီးမှုကြောင့် ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော် ဒါနဲ့ပတ်သက်လို့ ထင်းခွေတယ်နဲ့ပတ်သက်လို့ ကျွန်တော်ကြားဖူးတဲ့ဟာလေးတစ်ခုပြောချင်ပါတယ်။ ဒါလေးကို ဝတ္ထုတစ်ပုဒ်အနေနဲ့ ရေးထားပါ တယ်။ တစ်ချိန်တုန်းက ရွာတွေမှာ ထင်းခွေတယ်။ ခွေထားတယ်။ အဲဒါကို နောက်ကနေပြီးတော့မှ ယူနီဖောင်းနဲ့လူတစ်ယောက်က လာတယ်။ ဟေ့လူ ခင်ဗျားရပ်လို့ပြောတယ်။ သူက ဓားကိုမြောက်ပြီး တော့ သစ်ပင်ကိုခုတ်မလို့။ ခင်ဗျား သစ်တစ်ပင်ခုတ် ထောင်သုံးနှစ်လို့ ပြောတယ်။ အဲဒီတော့ သူက ကြည့်လိုက်တဲ့အခါကျတော့ သူသည် သစ် ၁၀ ပင် ဖြစ်နေတယ်။ အဲဒါဆိုရင်တော့ ငါ နှစ် ၃၀ ကျမယ်။ အဲဒါဆိုရင်တော့ ဒီလူ့ကိုပိုင်းလိုက်ရင် ငါတို့ရွာထဲမှာ ဟိုတစ်လောက ထောင်ကျတဲ့ ချက်ကြီးဆိုတဲ့ ကောင် လူသတ်တာတောင်မှ ခုနစ်ပဲကျတယ်။ အဲဒါဆိုရင်တော့ ငါကတော့ နှစ် ၃၀ တော့ အကျမခံဘူး ဆိုပြီး ဘာလုပ်လိုက်လဲဆိုတော့ အဲဒီလူကို ပိုင်းလိုက်ပါတယ်။ ဆိုလိုချင်တာက ဘာကိုပြောချင်တာလဲ ဆိုရင် သစ်တောကိုပညာပေးတဲ့အခါမှာ သူ့နေရာနဲ့သူ **ကာလံဒေသံ ဧဠ္ဌမနံ** ဒါတွေဟာ လုံခြုံရေးလည်း ပါရမယ်။ တစ်ဦးတစ်ယောက်တည်းသွားပြီးတော့ သစ်တောထဲမှာ သွားပြီးတော့ အဲဒီလိုပြောလို့ ကတော့ မရဘူးဆိုတာကို ကျွန်တော်ပြောချင်တာပါ။ ထင်းခွေတဲ့အကြောင်းလေးလည်း အဲဒီစာရေး ဆရာကမြင်ပြီးတော့ ရေးထားခြင်းပဲဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ ကျွန်တော်တို့က အဲဒီလိုဖြစ်တဲ့ အတွက် နေ့အပူချိန်တွေကို အကာအကွယ်ပေးထားတဲ့သစ်ပင်တွေကြောင့် သစ်တောမြေများဟာ အစိုဓာတ်ထိန်းသိမ်းနိုင်တယ်။ သစ်တောပြုန်းတီးသွားလို့ရှိရင် မြေဆီလွှာခမ်းခြောက်မယ်။

**မူကြမ်း**

ကမ္ဘာကြီးက ပူနွေးလာမယ်။ ဖန်လုံအိမ်ဓာတ်ငွေ့တွေက မြင့်လာမယ်။ သစ်ပင်တွေက စုတ်တာကို မြင့်သွားမယ်။ မြင့်သွားတဲ့အခါ ကမ္ဘာကြီးက ပူနွေးလာမယ်။ ရာသီဥတုပြောင်းလဲသွားမယ်။ အဲဒီမှာ ပြင်ဦးလွင်မြို့အပါအဝင် နိုင်ငံနှင့်အဝှမ်း အပူချိန်တက်လာတယ်။ ရာသီဥတုအန္တရာယ်တွေ ရင်ဆိုင်နေရပြီဖြစ်ပါတယ်။ အဲဒီတော့ အဲဒီနေရာမှာ နိုင်ငံတကာ ရာသီဥတုဘေးအန္တရာယ်အညွှန်းကိန်းမှာဆိုရင် မြန်မာနိုင်ငံဟာ နိုင်ငံပေါင်း(၁၈၇)နိုင်ငံအနက် အဆင့်(၂)မှာရှိနေပါတယ်။ အဲဒါဘာဖြစ်လို့လဲဆိုတော့ သစ်တောပြုန်းတီးမှုကြောင့် ဖြစ်ပါတယ်။ အပြင်းထန်ဆုံး ကျွန်တော်တို့ ၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ်မှာ ရင်ဆိုင်ခဲ့ကြရပါတယ်။ ကျွန်တော့် မဲဆန္ဒနယ် ပြင်ဦးလွင်မြို့မှာဆိုလို့ရှိရင် ကိုလိုနီခေတ်က မြို့တည်စဉ်က သောက်သုံးရေအတွက် အမြင့်ဆုံးသစ်တစ်ပင်တန် ၈၀၀ ရေကန်များမှာ ရေပေးဝေမှုရွေးချယ်ပြီးတော့ ဆောင်ရွက်ခဲ့တယ်။ ဒါပေမဲ့ အဲဒီသစ်တစ်ပင်တောင်မှာ အခုဘာဖြစ်နေလဲဆိုတော့ သစ်ပင်တွေ ခုတ်တယ်။ အဲဒီမှာကျွန်တော်တို့က သဘာဝရေစိမ့်တောတွေကို ထိန်းသိမ်းမှုအားနည်းတယ်။ မြို့ရေပေးဝေမှုအခက်အခဲဖြစ်နေတယ်။ ဒါတွေလည်း ကျွန်တော်တို့ ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။

အဲဒါကြောင့်မို့လို့ ပြင်ဦးလွင်မြို့သည် သစ်တောမြို့အဖြစ်၊ စိမ်းလန်းမြို့အဖြစ် လုပ်ပေးရင် တစ်ချိန်တုန်းက မေမြို့ သို့မဟုတ် ပြင်ဦးလွင်မြို့၊ တောင်လှေကားမြို့တော်၊ နှင်းမှုန်မြို့တော်၊ ပန်းမြို့တော်စတဲ့ အင်္ဂါရပ်နဲ့ညီတဲ့ ရာသီဥတုညီညွတ်မျှတ အေးမြသာယာအပန်းဖြေရာ တစ်ခါက တောင်ပေါ်က မြို့ဘဝရောက်ရှိလာဖို့ တင်ပြပါတယ်။ ကျွန်တော် မြို့မိမြို့ဖလူထုနဲ့တွေ့ဆုံပွဲမှာ တစ်ဦးက တင်ပြဖူးပါတယ်။ ပြင်ဦးလွင်မြို့ဟာ တစ်ချိန်တုန်းက အပျိုစင်လေးပါတဲ့။ ဒါပေမဲ့အခု Rape လုပ်ခံခဲ့ရတယ်တဲ့။ အဲဒါကြောင့်မို့လို့ အပျိုစင်လေး ပြန်ဖြစ်သွားအောင်တော့ ကျွန်တော်ကလည်း ပြောပါတယ်ခင်ဗျား။ မဖြစ်နိုင်ဘူးလို့။ ဒါပေမဲ့လည်း လှပအောင်တော့ လုပ်လို့ရပါတယ်လို့ ကျွန်တော် ပြောပါတယ်။ ဒါကြောင့် ကျွန်တော်တင်ပြရခြင်းဖြစ်ပါတယ်။ သစ်တောစောင့်ရှောက်မှုနှုန်းဟာ ဧရိယာရဲ့တစ်ရာခိုင်နှုန်းမျှပင်မရှိခြင်းမှာ အကြောင်းအမျိုးမျိုးကြောင့် ယူဆပါတယ်။ သစ်တောထိန်းသိမ်းရေးဝန်ထမ်းတွေတိုးချဲ့ခန့်ထားဖို့လိုပါတယ်။ ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘဲအုပ်ကတစ်ရာနှစ်ရာ မဗေဒါက တစ်ပင်တည်းပါ။ ဒီအတိုင်းပါပဲ။ သစ်အုပ်ကတစ်ရာနှစ်ရာ သစ်တောဝန်ထမ်းကိုဗေဒါကလည်း တစ်ယောက်တည်းပါပဲ။ ဒါကြောင့်မို့လို့ ဒါတွေဟာလည်း သစ်တောဝန်ထမ်းတွေ ကြည့်လိုက်တဲ့အခါကျတော့ ကျွန်တော်တို့မြို့နယ်မှာတော့ တော်တော်လေး နည်းပါတယ်။ ဥပမာဆိုကြပါစို့ တောခေါင်းရှိမယ်၊ တောကြပ်ရှိမယ်။ အဲဒီအပေါ်ကမှ တောအုပ်ရှိမယ်။

**မူကြမ်း**

အဲဒီအပေါ်ကမှ အရာရှိ ရှိမယ်။ ဒါလေးတွေက ဒီသစ်တောကြီးကိုထိန်းသိမ်းဖို့ဆိုတာ တော်တော်ခက်ပါတယ်။ ဒါတွေဟာ ပြန်စဉ်းစားဖို့လိုပါတယ်။ ဖွဲ့စည်းပုံတွေမှာ။ ၁၉၅၅ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ သစ်တောပေါ်လစီမှာကတော့ သစ်တောလုပ်ငန်း၏ ဝင်ငွေစုစုပေါင်းမှ ၂၅ ရာခိုင်နှုန်းသည် သစ်တောများပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ဖြစ်ရမည်ဟုပြဋ္ဌာန်းခဲ့ပါတယ်။ ဒါပေမဲ့လည်း ၂၀၁၁ ခုနှစ်အထိ အကောင်အထည်မဖော်ခဲ့ပါဘူး။ အကောင်အထည်မဖော်ခဲ့တဲ့အပြင် ရက္ခဗေဒ ဥယျာဉ်တွေကလည်း ဖွင့်လှစ်နိုင်ခြင်းမရှိဘူး။ နောက်ပိုင်းမှာ ဘာဖြစ်လာသလဲဆိုတော့ မြို့ကြီးပေါ် ရပ်ကွက်တွေမှာ ပန်းခြံ၊ ဥယျာဉ်နေရာတွေပါ လျော့လာတာ တွေ့ရတယ်။ လျော့လာတဲ့အခါကျတော့ လူထုအပန်းဖြေဖို့ရာ နေရာတွေဟာ တော်တော်လေးနည်းပါးသွားပါတယ်။ သစ်တောပေါ်လစီကို အပြည့်အဝအကောင်အထည်ဖော်ဖို့ အချိန်တန်ပါပြီလို့ ကျွန်တော် ဒီနေရာကနေ တိုက်တွန်းလိုပါတယ်။

နောက်တစ်ခုကတော့ သစ်တောဧရိယာသည် ၁၉၈၀ ခုနှစ်မှာ ဟက်တာပေါင်း ၃၉ သန်းရှိခဲ့ရာမှ ၂၀၁၀ ခုနှစ်မှာ ဟက်တာပေါင်း ၃၀.၅ သန်းပဲ ရှိပါတယ်။ အဲဒီတော့ နိုင်ငံအနှံ့မှာ၊ နိုင်ငံအဝန်းမှာ သစ်တောများပြန်လည်ပျိုးထောင်ပြီးတော့ သစ်တောစောင့်ရှောက်မှုကို တိုးမြှင့်ရန်လိုအပ်တယ်လို့ ကျွန်တော် ပြောချင်ပါတယ်။ သစ်တောရှိခြင်းရဲ့အကျိုးကျေးဇူးတွေက ဘာရမလဲ။ ဘာရမလဲဆိုတော့ (၁) ကာကွယ်မှု။ ကာကွယ်မှုမှာ မိုးလေဝသထိန်းညှိခြင်း၊ ရေတိုက်စားခြင်းမှ ကာကွယ်ခြင်း၊ ရေလွှမ်းမိုးမှုမှကာကွယ်ခြင်း၊ ဖန်လုံအိမ်ဓာတ်ငွေ့များစုပ်ယူခြင်း၊ သိုမှီးခြင်း၊ ဇီဝမျိုးကွဲများ ထိန်းသိမ်းခြင်း၊ ရေစစ်ပေးခြင်းတို့ဖြစ်ပါတယ်။ အရင်းအမြစ်ရရှိမှုမှာတော့ ကုန်ကြမ်းပစ္စည်း၊ ဆေးဝါး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က အရင်တုန်းကဆိုရင် တောထဲမှာပဲ ဆေးဝါးတွေလိုက်ရှာကြတယ်။ နွယ်မြက်သစ်ပင်ဆေးဘက်ဝင်တယ်လို့ ပြောပါတယ်။ အစားအစာ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ယဉ်ကျေးမှုအရလည်း အများကြီး။ ဒါကြောင့်မို့လို့ နိုင်ငံနဲ့အဝှမ်း သစ်တောစောင့်ရှောက်မှုနှုန်း တိုးမြှင့်ဆောင်ရွက်ပြီးတော့ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်များတွင် Green Land စီမံကိန်းများ အမြန်ဆုံးစနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါရန်နှင့် နှစ်အလိုက် စီမံကိန်းများကို ဒေသများတိုးချဲ့ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးပဲ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာအောင်ခင် တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးသောင်းဋ္ဌေးလင်း(ပုသိမ်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဋ္ဌေးလင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြင်ဦးလွင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင်၏ တောတောင်ထူထပ်သောဒေသများ၌ သစ်တောပြုန်းတီးမှုများခြင်းကြောင့် ၂၀၁၅၊ ၂၀၁၆ ခုနှစ်များတွင် မြန်မာနိုင်ငံမှာ အပြင်းအထန်ဆုံးသောရာသီဥတုနှင့်ရင်ဆိုင်ခဲ့ကြရပြီး နိုင်ငံတကာရာသီဥတုဘေးအန္တရာယ်ညွှန်းကိန်းတွင် နိုင်ငံပေါင်း(၁၈၇)နိုင်ငံအနက် မြန်မာနိုင်ငံသည် အဆင့်(၂)တွင်ရှိပြီး နိုင်ငံနှင့်အဝန်းသစ်တော်စောင့်ရှောက်မှုနှုန်း တိုးမြှင့်ဆောင်ရွက်လျက်၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်မြို့များတွင် (Green Land) စီမံကိန်းများအမြန်ဆုံးစနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ပါရန်နှင့် အခြားဒေသများတွင်လည်း နှစ်အလိုက်စီမံကိန်းများတိုးချဲ့ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုအား ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့သည့်ကာလများနှင့်နှိုင်းယှဉ်လျှင် ယခုလက်ရှိ၌ ရာသီဥတုပြောင်းလဲခြင်းသည် အလွန်လျင်မြန်စွာဖြစ်ပေါ်နေပါတယ်။ ဤကဲ့သို့ ပြောင်းလဲခြင်းဟာ ရာသီဥတုပုံစံအမျိုးမျိုးကို ဖြစ်ပေါ်လာစေပြီး ရာသီဥတုအခြေအနေများကို ခန့်မှန်းရန် ပိုမိုခက်ခဲလာစေကာ သဘာဝဘေးအန္တရာယ်အမျိုးမျိုးလည်း ဖြစ်ပွားလျက်ရှိပါတယ်။ အဓိကအကြောင်းအရင်းကတော့ သစ်တောပြုန်းတီးမှုကြောင့်ပဲ ဖြစ်ပါတယ်။ သစ်တောပြုန်းတီးမှု၏ နောက်ဆက်တွဲဆိုးကျိုးအဖြစ် ရေလွှမ်းမိုးခြင်းဟူသော သဘာဝဘေးအန္တရာယ်တစ်ရပ်ကိုလည်း နှစ်စဉ်နှစ်တိုင်း ပိုမိုဆိုးရွားစွာ ရင်ဆိုင်ရလျက်ရှိပါတယ်။ မြန်မာနိုင်ငံတွင် မန္တလေးတိုင်းဒေသကြီးအပါအဝင် နေရာအနှံ့ ရေကြီးရေလျှံခြင်းဖြစ်သလို ရာသီဥတုအပူချိန်မှာလည်း မြင့်တက်နေမှုကြောင့် လူမှုဒုက္ခများစွာခံစားနေရသည့်အပြင် ကျန်းမာရေးထိခိုက်ပြီး အသက်အန္တရာယ်ပင် စိုးရိမ်ရသည့်အခြေအနေများလည်း ကြုံတွေ့နေရပါတယ်။ သစ်တောများသည် မြေနှင့်ရေအရင်းအမြစ်များကို မူလအခြေအနေအတိုင်း ထိန်းသိမ်းခြင်းဖြစ်သည့် အရေးကြီးအခန်းကဏ္ဍတွင် ပါဝင်နေပါတယ်။ သစ်တောများသည် မိုးရွာသွန်းမှုကြောင့် မြေဆီလွှာတိုက်စားခြင်းမှ

ကာကွယ်ပေးသည့်အပြင် ရေတိုက်စားခြင်းကိုလည်း ကာကွယ်ပေးသည့်သဘာဝဖြစ်စဉ်အဖြစ် တည်ရှိနေပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ အာရှတိုက်၏ ဂေဟစနစ်အပူပိုင်းသစ်တောများ အများဆုံးရှိရာနေရာဖြစ်သည့်  သစ်တောအများစုသည် သစ်ထုတ်လုပ်မှုနှင့် သစ်တောပြုန်းတီးမှုများအဖြစ် ဆုံးရှုံးလျက်ရှိပြီး မြန်မာ့မြေရာ၏ သစ်တောအဖြစ်တည်ရှိနေသည့်ပမာဏသည် ၁၉၇၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်အတွင်း ၁၄.၇ ရာခိုင်နှုန်းကျဆင်းသွားတာကို တွေ့ရှိရပါတယ်။ မြေယာစီမံခန့်ခွဲမှုကြောင့် ပုဂ္ဂလိကသစ်တောစိုက်ခင်းများမှာလည်း အချို့မှာ ထိရောက်အောင်မြင်စွာ စိုက်ပျိုးနိုင်ခြင်းမရှိသေးတာကို တွေ့ရပါတယ်။ မြေလွတ်မြေရိုင်းများ ချထားပေးသော်လည်း ရှိရင်းစွဲသစ်ပင်များကိုသာ ခုတ်လှဲပြီး ပြန်လည်မစိုက်ပျိုးကြတဲ့အတွက် မြေကွက်များပိုင်းရောင်းချနေတာကိုလည်း တွေ့ရပါတယ်။ အချို့မှာ သစ်တောထိန်းသိမ်းမှုအားနည်းပြီး တောင်ယာခုတ်လှဲမှုများပြုလုပ်နေပြီး အနည်းအကျဉ်းကိုသာ စိုက်ပျိုးပြီး ကျန်တဲ့နေရာတွေကိုတော့ အကွက်စိတ်ရောင်းချခြင်းများကို ပြုလုပ်နေတဲ့အတွက် သစ်တောပြုန်းတီးမှုဟာ မြန်မြန်ဆန်ဆန်ဖြစ်ပေါ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရအနေဖြင့်လည်း ယခင်နှစ်များက ကျွန်းသစ်ထုတ်လုပ်မှုနှင့် နိုင်ငံခြားသို့ပို့မှုန်တင်ပို့မှုအတွက် တရားဝင်ခွင့်ပြုတဲ့အတိုင်းအတာထက် ကျော်လွန်နေခဲ့တာကို တွေ့ရှိရပါတယ်။ ပြည်ပနိုင်ငံများရောက်သစ်များ အဆများစွာပိုမိုရောက်ရှိနေခြင်းက တရားမဝင်သစ်များခိုးထုတ်နေခဲ့ခြင်းပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီးမှာရှိတဲ့ ရှိရင်းစွဲသစ်တောဟာ ၂၀၀၁ ခုနှစ်မှာဆိုရင် ၁၈၁၅၄၂ ဟက်တာရှိရာမှ ၂၀၁၄ ခုနှစ်တွင် ၁၄၁၁၆၁ ဟက်တာသာကျန်ရှိတော့၍ ၄၀၃၈၁ ဟက်တာ ပျက်စီးသွားသည်မှာသစ်တောဆုံးရှုံးမှုပင် ဖြစ်ပါတယ်။

မန္တလေးတိုင်းဒေသကြီးမှာရှိတဲ့ ရှိရင်းစွဲသစ်တောနဲ့ အရည်အသွေးနိမ့် သစ်တော စုစုပေါင်း ၂၂ ရာခိုင်နှုန်းသာ ကျန်ရှိတော့တာကို တွေ့ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ၏ရာသီဥတုဖြစ်စဉ်များ လျင်မြန်စွာပြောင်းလဲဖြစ်ပေါ်နေခြင်းတွင် သစ်တောပြုန်းတီးမှုဟာ ရာသီဥတုပြောင်းလဲမှုကို အကြီးအကျယ်ရိုက်ခတ်လျက်ရှိရာ မြန်မာနိုင်ငံတွင် ပုံမှန်မဟုတ်သောဖောက်ပြန်သည့်ရာသီဥတုများနှင့်လည်း ရင်ဆိုင်ရလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒေါက်တာအောင်ခင်ရဲ့ ပြင်ဦးလွင်၊ မန္တလေး၊ နေပြည်တော်၊ ရန်ကုန်မြို့များတွင် Green Land အဖြစ် အမြန်ဆုံးအကောင်အထည်ဖော်လျက်နိုင်ငံနှင့်အဝှမ်းစီမံချက်ချ၍ ဆောင်ရွက်သင့်ကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဒေါက်တာဦးအောင်ခင် တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါက်တာအောင်ခင်၊ ပြင်ဦးလွင်မဲဆန္ဒနယ်က တင်သွင်းသော တောတောင်ထူထပ်သောဒေသများ၌ သစ်တောပြုန်းတီးမှုများ များခြင်းကြောင့် ၂၀၁၅၊ ၂၀၁၆ ခုနှစ်များတွင် မြန်မာနိုင်ငံမှာ အပြင်းထန်ဆုံးသော ရာသီဥတုနှင့်ရင်ဆိုင်ခဲ့ကြရ၍ နိုင်ငံတကာရာသီဥတုဘေးအန္တရာယ်အညွှန်းကိန်းတွင် နိုင်ငံပေါင်း ၁၈၇ နိုင်ငံရှိသည့်အနက် မြန်မာနိုင်ငံသည် အဆင့်(၂)နေရာတွင်ရှိပြီး နိုင်ငံနှင့်အဝန်း သစ်တောစောင့်ရှောက်မှုနှုန်းတိုးမြှင့်ဆောင်ရွက်လျက် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်မြို့များတွင် Green Land စီမံကိန်းများ အမြန်ဆုံးစနစ်တကျ အကောင်အထည်ဖော်ဆောင်ရန်နှင့် အခြားဒေသများတွင်လည်း နှစ်အလိုက်စီမံကိန်းများ တိုးချဲ့ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## ဒေါက်တာအောင်ခင်၊ ပြင်ဦးလွင်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမည့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ဖြင့် ၂၂-၅-၂၀၁၇ ရက်(တနင်္လာနေ့) ညနေ ၄း၀၀ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**မူကြမ်း**

# အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့လာသော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၇-၃-၂၀၁၇ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်မာမာခိုင်(သထုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဖွဲ့ဝင်ဝန်ကြီးများ၊ ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ဆက်ဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ သထုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါ်မာမာခိုင်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့တာဝန်ပေးချက်အရ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့လေ့လာတွေ့ရှိချက် အစီရင်ခံစာကို လွှတ်တော်သို့ တင်သွင်းသွားမှာဖြစ်ပါတယ်ရှင်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်<br>ပြည်သူ့လွှတ်တော်<br>ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၇-၈၁

ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ မေ လ ၁၁ ရက်

**မူကြမ်း**

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း

ရည် ညွှန်း ချက် ။ အမျိုးသားလွှတ်တော်၏ ၇-၃-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၁/အမ (ကော်မတီ- ၁) ၁/ ၂၀၁၇- ၁၁၀

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်း ရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၂၃-၂-၂၀၁၇ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၇-၃-၂၀၁၇ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါတယ်။

၂။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ပြင်ဆင်ရေးဆွဲ တင်ပြလာခြင်းဖြစ်ကြောင်း စိစစ်လေ့လာတွေ့ရှိရပါသည် -

(က) မူလဥပဒေပါ ကြီးကြပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌကို ဒုတိယဝန်ကြီးအား တာဝန် ပေးအပ်ထားသော်လည်း ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ အစိုးရအဖွဲ့အစည်းများ နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရာတွင် ပိုမိုထိရောက်စေရန်အတွက် ရည်ရွယ်၍ ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနကို ကြီးကြပ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌအဖြစ် ပြင်ဆင်ဖွဲ့စည်းခြင်း၊

(ခ) ကြီးကြပ်ရေးဗဟိုအဖွဲ့၏ ဖွဲ့စည်းပုံပြောင်းလဲလိုက်ခြင်းကြောင့် အယူခံခြင်းနှင့် ပတ်သက်သော ပြဋ္ဌာန်းချက်များပါ ဖွဲ့စည်းပုံနှင့် လိုက်လျောညီထွေဖြစ်စေရန် အယူခံခြင်းအခန်းကို ပြင်ဆင်ခြင်း၊

(ဂ) မူလဥပဒေရှိ ပို့ဆောင်ရေးဝန်ကြီးဌာနအား ယခုအစိုးရသစ်လက်ထက်တွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအဖြစ် ပြင်ဆင်ခြင်း။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၄-၃-၂၀၁၇ ရက်နေ့နှင့် ၁၉-၃-၂၀၁၇ ရက်နေ့တို့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန်တင်ပြချက်များကို တွေ့ရှိခဲ့ရပါတယ်။ အဆိုပါအချက်အလက်တွေကိုတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် အချိန်ကိုငဲ့ကွက်သောအားဖြင့် ဖတ်ကြားခြင်းမပြုတော့ပါဘူးရှင်။

၄။ သို့ဖြစ်ပါ၍ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။ ကျေးဇူးတင်ပါတယ်ရှင်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့လွှတ်တော်
ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၇-၈၁

ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ မေ လ ရက်

**မူကြမ်း**

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ အမျိုးသားလွှတ်တော်၏ ၇-၃-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၁/အမ (ကော်မတီ- ၁) ၁/ ၂၀၁၇- ၁၁၀

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း ကို အမျိုးသားလွှတ်တော်၌ ၂၃-၂-၂၀၁၇ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၇-၃-၂၀၁၇ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ပြင်ဆင်ရေးဆွဲ တင်ပြလာခြင်းဖြစ်ကြောင်း စိစစ်လေ့လာတွေ့ရှိရပါသည် -

(က) မူလဥပဒေပါ ကြီးကြပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌကို ဒုတိယဝန်ကြီးအား တာဝန်ပေးအပ်ထားသော်လည်း ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရာတွင် ပိုမိုထိရောက်စေရန်အတွက် ရည်ရွယ်၍ ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနကို ကြီးကြပ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌအဖြစ် ပြင်ဆင်ဖွဲ့စည်းခြင်း၊

**မူကြမ်း**

(ခ) ကြီးကြပ်ရေးဗဟိုအဖွဲ့၏ ဖွဲ့စည်းပုံပြောင်းလဲလိုက်ခြင်းကြောင့် အယူခံခြင်းနှင့် ပတ်သက်သော ပြဋ္ဌာန်းချက်များပါ ဖွဲ့စည်းပုံနှင့် လိုက်လျောညီထွေဖြစ်စေရန် အယူခံခြင်းအခန်းကို ပြင်ဆင်ခြင်း၊

(ဂ) မူလဥပဒေရှိ ပို့ဆောင်ရေးဝန်ကြီးဌာနအား ယခုအစိုးရသစ်လက်ထက်တွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအဖြစ် ပြင်ဆင်ခြင်း။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၄-၃-၂၀၁၇ ရက်နေ့နှင့် ၁၉-၃-၂၀၁၇ ရက်နေ့တို့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းတွင် အပိုဒ်ပေါင်း (၇)ပိုဒ် ပါရှိပါသည်။

( ခ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များအနက် အချက် (၄)ချက်ကို သဘောတူ လက်ခံပါသည်။

( ဂ) ဥပဒေခေါင်းစီးကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း**

**သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကိုပြင်ဆင်သည့်ဥပဒေ**

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ။)**

**၁၃၇၉ ခုနှစ်၊ လ ရက်**

**(၂၀၁၇ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**မူကြမ်း**

(ဃ) အပိုဒ် ၄ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့ကို အောက်ပါ အတိုင်း အစားထိုးရမည်-

၄။ အစိုးရအဖွဲ့သည် ရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းကို ကြီးကြပ်ရန် အလို့ငှာ အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော ကြီးကြပ်ရေး ဗဟိုအဖွဲ့ကို ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန | ဒုတိယ ဥက္ကဋ္ဌ |

(င) အပိုဒ် ၆ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၆။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၅။ အစိုးရအဖွဲ့သည် ပုဒ်မ ၄ အရ ဖွဲ့စည်းထားသော ကြီးကြပ်ရေး ဗဟိုအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(စ) အပိုဒ် ၇ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၇။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ (ဇ) တွင် ပါရှိသော ဝန်ကြီးဌာနက ဆိုသည့် စကားရပ်ကို အစိုးရအဖွဲ့က ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဆ) အပိုဒ် ၈ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

**မူကြမ်း**

၈။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေပုဒ်မ ၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၂၀။ ကြီးကြပ်ရေးဗဟိုအဖွဲ့၏ ပုဒ်မ ၁၇ အရ ပြုလုပ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုတစ်ခုခုကို မကျေနပ်သူသည် အရေးယူဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အစိုးရအဖွဲ့သို့ အယူခံနိုင်သည်။

(ဇ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၆ ကို ပယ်ဖျက်ပါသည်။

(ဈ) အပိုဒ် ၉ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၉။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၂၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၂၁။ အစိုးရအဖွဲ့သည် ပုဒ်မ ၂၀ အရ အယူခံခြင်းကို စိစစ်ပြီး ကြီးကြပ်ရေး ဗဟိုအဖွဲ့၏ အရေးယူဆောင်ရွက်မှုကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ည) အပိုဒ် ၁၀ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၁၀။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၂၄ ခြေဆင်းတွင်ပါရှိသော ဝန်ကြီးဌာနသည် ဆိုသည့် စကားရပ်ကို ကြီးကြပ်ရေးဗဟိုအဖွဲ့သည် ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ သို့ဖြစ်ပါ၍ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

ထွန်းထွန်းဟိန်
ဥက္ကဋ္ဌ
ဥပဒေကြမ်းကော်မတီ

**မူကြမ်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၃-၅-၂၀၁၇ ရက်(အင်္ဂါနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေး တတိယနေ့ကို ၂၀၁၇ ခုနှစ်၊ မေလ ၂၂ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၁၁း၄၅ နာရီ အချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ (၁၉.၅.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ကြီး**



ဦးရွှေလှ (သယ်န်းကျွန်း မဲဆန္ဒနယ်)



ဒေါက်တာဒေါ်ပြုံး(အင်းတော် မဲဆန္ဒနယ်)



ဦးထွန်းဝေ (ဖောင်းပြင် မဲဆန္ဒနယ်)



ဦးမြင့်ဝေ (ကျောက်ကြီး မဲဆန္ဒနယ်)



ဦးမင်းသိန်း (တောင်တွင်းကြီး မဲဆန္ဒနယ်)



ဦးအောင်စိုး (ယင်းမာပင် မဲဆန္ဒနယ်)



ဒေါက်တာမျိုးသိမ်းကြီး (ပညာရေးဝန်ကြီး)

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်